ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ ကြာသပတေးနေ့ (29-3-2012) (၇၀၇၉)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၂၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာရှိမြက်ခင်းပြင်၌ ကျင်းပသည်။**

ဧည့်သည်တော် မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည်ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် အမရာဟိုတယ်မှ နိုင်ငံတော်သမ္မတအိမ်တော်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ နိုင်ငံတော်သမ္မတအိမ်တော်ရှေ့၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်အား ယနေ့ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်တို့ တက်ရောက်ကြပြီး မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Hon. Dato' Sri Anifah Hj Aman တက်ရောက်သည်။

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရင်းနှီးချစ်ကြည်သည့် ဆက်ဆံရေးများ ခိုင်မြဲစေရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ကြေးမုံ စာ တည်း ရှု ထောင့်

၂၉-၃-၂၀၁၂ [ကြာသပတေးနေ့]။

# သာယာလှပသော လူ့ဘောင်လောက

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည်မှာ မိမိမြေ၊ မိမိကမ္ဘာကို ချစ်သူတိုင်း တာဝန်သိစိတ်ဓာတ်ဖြင့် ထမ်းဆောင်ရမည့် လူသားတိုင်း၊ လူ့ဘောင်တိုင်း၏ တာဝန်ပင်ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် တာဝန်ပျက်ကွက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကိုဖျက်ဆီးသော အပေါင်းပါ ဝန်းကျင်ပင်ဖြစ်တော့မည်။

သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ ဂေဟစနစ်နှင့် သဘာဝတောများပင်ဖြစ်သည်။ သဘာဝဝန်းကျင်သည် ကျယ်ဝန်းသကဲ့သို့ ဂေဟစနစ်သည် လူတို့နှင့်အနီးစပ်ဆုံးဖြစ်သည်။ ထိုသဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးသောသူများမှာ လူတို့သာလျှင်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သည် နဂိုမူလသဘာဝအတိုင်း ကမ္ဘာတည်ကတည်းက ရှိပြီးဖြစ်သည်။ လူတို့ဖျက်ဆီးလိုက်သဖြင့် ပျက်စီးယိုယွင်းသွားခြင်းဖြစ်သည်။

ထိုပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းရန်မှာ ယနေ့လူသားတို့ အရေးတကြီးလုပ်ဆောင်ရမည့်အချက်ပင်ဖြစ်သည်။ ယနေ့ရာသီဥတုမည်သို့ရှိသနည်း။ ယနေ့လူမှုဝန်းကျင် မည်သို့ရှိသနည်း။ အားလုံးခံစားသိရှိနေကြမည်ဖြစ်သည်။ ထို့ကြောင့် အဆောတလျင်အရေးတကြီး ထိန်းသိမ်းစောင့်ရှောက်ရန်မှာ သက်ဆိုင်ရာဌာနများတွင် တာဝန်ရှိသကဲ့သို့ ပြည်သူ ပြည်သားအားလုံးတွင်လည်း တာဝန်ရှိပါသည်။

တာဝန်ရှိသူတို့က ထိန်းသိမ်းပျိုးထောင်နေချိန်တွင် ပြည်သူတို့က လိုက်နာစောင့်ထိန်း ပါဝင်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ ထိန်းသိမ်းမှုအပိုင်းတွင် ပျိုးထောင်မှုနှင့်လျော့ပါးမှုမဖြစ်စေရေး ဆောင်ရွက်ကြရပါမည်။ လိုက်နာစောင့်ထိန်းမှုအပိုင်းတွင် ဖျက်ဆီးမှုမဖြစ်စေရေးနှင့် ပါဝင်ဆောင်ရွက်ရေး ပြုလုပ်ကြရပါမည်။ ထိုထိုလုပ်ငန်းတာဝန်များကို ယနေ့မှစ၍ အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

သစ်တောသစ်ပင်များမလျော့ပါးရေးအတွက် သစ်ပင်ခုတ်လှဲခြင်းကို ရပ်ဆိုင်းကြရပါမည်။ သစ်တစ်ကိုင်း ၊အမှိုက်တစ်စ၊ စွန့်ပစ်စရာတစ်ခုသာ ဟူ၍သဘောမထားဘဲ တစ်ယောက်ချင်း၊ တစ်စုချင်း လုပ်ဆောင်မိလိုက်ခြင်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပျက်စီးယိုယွင်းသွားမည် ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်သည် တောနေလူတန်းစားများအတွက် အဓိကကျပြီး ဂေဟစနစ်သည် မြို့နေလူတန်းစားများအတွက် ပဓာနကျပါသည်။

ပမာအားဖြင့် လောင်စာထင်းအတွက် တစ်အိမ်ထောင် သစ်တစ်ကိုင်း၊ သစ်တစ်ပင် ခုတ်လှဲခြင်းဖြင့် သစ်ပင်ပျက်စီးရသကဲ့သို့ လူတစ်ယောက် အမှိုက်တစ်စကို ပတ်ဝန်းကျင်နှင့် မြစ်ချောင်းအတွင်း စွန့်ပစ်ခြင်းဖြင့် ဂေဟစနစ်ပျက်စီးရပါသည်။ အခြားအခြားသောပျက်စီးမှုများလည်း အမြောက်အမြားရှိပါသည်။ ကျွန်ုပ်တို့ မည်သို့ထိန်းသိမ်းမည်နည်း။ ထင်းမခုတ်ရေးလည်း လုပ်နေပါသည်။ ထင်းအစားအခြားလောင်စာလည်း လုပ်နေပါသည်။ သို့သော် ပမာဏများသဖြင့် မထိရောက်သေးပါ။ အမှိုက်စွန့်ပစ်ရေးလည်း ဤနည်းအတိုင်းပင်။

စိုက်ရေးပျိုးရေး၊ ကာကွယ်ရေးနှင့်ဆိုင်လျှင် အဖွဲ့အစည်းသည် မပါ မဖြစ်ချေ။ လျှော့ချရေးနှင့်ဆိုင်လျှင် ပြည်သူ ပြည်သားနှင့် စီးပွားရှာစားသူများနှင့် သက်ဆိုင်မည်ဖြစ်ပါသည်။ အားလုံးချုပ်လိုက်လျှင် သစ်အသုံးပြုမှု၊ ဘေးထွက်ထွက်မှုတို့ကို လျှော့ချ၊ ရပ်ဆိုင်းလိုက်ဖို့သာဖြစ်သည်။ ပရိဘောဂတစ်စုံ၊ အမှိုက်နှင့်ဘေးထွက်ပစ္စည်းတစ်ခု၊ တူလေးတစ်ချောင်းမှ သွားကြားထိုးတံလေး တစ်ခုအဆုံး အားလုံးအားလုံးကို လျှော့ချရပ်ဆိုင်းလိုက်ခြင်း၊ အစားထိုးအသုံးပြုလိုက်ခြင်းဖြင့် ကျွန်ုပ်တို့၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ဝိုင်းဝန်းထိန်းသိမ်းရာရောက်ပြီး အနာဂတ်ကာလတွင် သာယာလှပသောလူ့ဘောင်လောက ဖြစ်လာမည်ဟု ရှုမြင်ပါသည်။ ။

**မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ်တွန်း ရာဇတ်နှင့် ဇနီး မစ္စစ် ဒါတင်ဆရီ ရို့စ်မာ၌ မန်စာတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်တို့ နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

# မြန်မာ-မလေးရှား နှစ်နိုင်ငံပူးတွဲကြေညာချက် ထုတ်ပြန်

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မတ် ၂၈ ရက်မှ ၂၉ ရက်အထိ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်နှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၈ ရက်တွင် နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်၌ ကျင်းပပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်သော မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်၏ ခရီးစဉ်နှင့်ပတ်သက်သော နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ခရီးစဉ်အတွင်း မတ် ၂၈ရက်တွင် ထုတ်ပြန်သည်။

ပူးတွဲကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မလေးရှားအစိုးရတို့အကြား ပူးတွဲသတင်းထုတ်ပြန်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် ချစ်ကြည်ရေးခရီး လာရောက်လျက်ရှိသော မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်သည် ၂၈-၃-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ မလေးရှားဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာအစိုးရနှင့် မလေးရှားအစိုးရတို့၏ ရင်းနှီးချစ်ကြည်သည့်ဆက်ဆံရေးများ ခိုင်မြဲစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်နိုင်ရန် အထောက်အကူပြုသည့် ခရီးစဉ်တစ်ရပ်ဖြစ်ပါသည်။

၂။ နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာနိုင်ငံနှင့် မလေးရှားအပါအဝင် အိမ်နီးချင်းနိုင်ငံများအကြား အချင်းချင်းအမှီပြု၍ တစ်ဦး၏လိုအပ်ချက်ကို တစ်ဦးက ကူညီပံ့ပိုးပေးလျက်ရှိကြသည်ကို အသိအမှတ်ပြုကြပါသည်။ နှစ်နိုင်ငံလုံးသည် အာဆီယံမိသားစုဝင်နိုင်ငံများ ဖြစ်ကြသည့်အလျောက် တစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တစ်နိုင်ငံက အကူအညီများပေးရေးသည် အရေးကြီးသည့်အချက်အဖြစ် တည်ရှိနေပါသည်။ မလေးရှားဝန်ကြီးချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်မှုများနှင့် ခေတ်မီဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲဖော်ဆောင်မှုများတွင် သိသာထင်ရှားစွာ တိုးတက်အောင်မြင်နေသည်ကို ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုခဲ့ပါသည်။

၃။ နှစ်နိုင်ငံခေါင်းဆောင်တို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍတိုင်း၌ နှစ်နိုင်ငံဆက်ဆံရေးများ ကောင်းမွန်လျက်ရှိသည်ကို ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ နှစ်နိုင်ငံခေါင်းဆောင်တို့သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ တည်တံ့ခိုင်မြဲစေရန်နှင့် နှစ်နိုင်ငံအကျိုးစီးပွားအတွက် မဟာဗျူဟာကျသည့်ကဏ္ဍများတွင် နှစ်နိုင်ငံ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းကြရန် ထပ်လောင်းကတိပြုခဲ့ကြပါသည်။ နှစ်နိုင်ငံခေါင်းဆောင်တို့၏ စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံဆွေးနွေးမှုများအပါအဝင် အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့သည် နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုနှင့် အပြုသဘောဆောင်သည့် ဆက်ဆံရေးများ မြှင့်တင်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်ကြောင်း သဘောတူညီခဲ့ကြပါသည်။

၄။ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး၊ အပြန်အလှန်အကျိုးပြုသည့် မိတ်ဖက်နိုင်ငံများဖြစ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို နက်နက်နဲနဲနှင့် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ချစ်ကြည်ရင်းနှီးသည့်စိတ်ကို အရင်းခံကာ အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည်-

(က) နှစ်နိုင်ငံခေါင်းဆောင်တို့သည် အစိုးရချင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရန်နှင့် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုမြှင့်တင်နိုင်ရန် အဆင့်တိုင်း၌ အပြန်အလှန်လည်ပတ်မှုများ ပြုလုပ်ရာမှတစ်ဆင့် ပိုမိုကျယ်ပြန့်သည့်နိုင်ငံရေးဆိုင်ရာ ဆက်သွယ်မှုများကို ပြုလုပ်ကြရန် သဘောတူညီခဲ့ကြပါသည်။

(ခ) နှစ်နိုင်ငံခေါင်းဆောင်တို့သည် နှစ်နိုင်ငံအကျိုးရှိမည့် ကဏ္ဍများတွင် ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆက်မပြတ်ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်သည့် ပထမဆုံးသော ပူးတွဲကော်မရှင်အစည်းအဝေးကို နှစ်ဖက်အဆင်ပြေသည့်ရက်တွင် ကျင်းပရန် သဘောတူညီခဲ့ကြပါသည်။

(ဂ) နှစ်နိုင်ငံစီးပွားရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ကြီးမားသည့်အခွင့်အလမ်းများစွာရှိသည့်အလျောက် နှစ်နိုင်ငံခေါင်းဆောင်တို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ အဆင့်မြှင့်တင်ရန် ခိုင်မာစွာ ကတိပြုခဲ့ကြပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များသည် ၂၃-၂-၂၀၁၂ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ဦးဆောင်သည့် မလေးရှားကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် ထင်ရှားသည့်အကျိုးသက်ရောက်မှုရှိသည်ကို ကျေနပ်ကြောင်း ဖော်ပြခဲ့ကြပါသည်။

(ဃ) နှစ်နိုင်ငံခေါင်းဆောင်တို့သည် မြန်မာ့စီးပွားရေးတွင် အလားအလာရှိသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့နိုင်ရေးအတွက် ဖြစ်နိုင်ခြေရှိသည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။ အထူးသဖြင့် ဥယျာဉ်ခြံမြေလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဆောက်လုပ်ရေး၊ စက်မှုလက်မှုလုပ်ငန်း၊ တယ်လီဖုန်းကြေးနန်းဆက်သွယ်မှုနှင့် မလေးရှားနိုင်ငံမှ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံရှိသည့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။

(င) နှစ်နိုင်ငံခေါင်းဆောင်တို့သည် အလုပ်သမားနှင့် လူသားအရင်းအမြစ်ကဏ္ဍများတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်မှုများရှိနေခြင်းအတွက် အားရကျေနပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါသည်။ မလေးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် မြန်မာအလုပ်သမားများ ပါဝင်အထောက်အကူပြုမှု၏ အရေးပါခြင်းကို နှစ်နိုင်ငံလုံးက အသိအမှတ်ပြုခဲ့ကြပါသည်။

(စ) နှစ်နိုင်ငံပြည်သူများအကြား နားလည်မှုနှင့် ရင်းနှီးချစ်ကြည်မှုများ တိုးပွားလာလျက်ရှိသည်ကို အခြေခံလျက် နှစ်နိုင်ငံတို့သည် ခရီးသွားလုပ်ငန်းတွင် သိသိသာသာ တိုးတက်မှုများရှိလာသည်ကို အသိအမှတ်ပြုခဲ့ကြပါသည်။ ထို့အပြင် နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုမြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြှင့်တင်နိုင်ရန် ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှုများ အားသစ်လောင်း၍ ဆောင်ရွက်သွားရန် သဘောတူကြပါသည်။

(ဆ) နှစ်နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ လတ်တလောလိုအပ်ချက်အရ မလေးရှားနည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်အောက်မှ သတ်မှတ်သင်တန်းများပေးခြင်းဖြင့် လူ့စွမ်းရည်မြှင့်တင်နိုင်ရေးအတွက် အတူတကွ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပါသည်။

(ဇ) နှစ်နိုင်ငံခေါင်းဆောင်တို့သည် မလေးရှားနိုင်ငံမှ ၂၀၁၅ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်မယူမီ မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူမည်ဖြစ်ရာ ထိုသို့တာဝန်ယူစဉ် အောင်မြင်မှုများရရှိစေရန်အတွက် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်မှန်းထားပါသည်။

(ဈ) နှစ်နိုင်ငံခေါင်းဆောင်တို့သည် ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူရာတွင် အရာရှိများ၏ ကျွမ်းကျင်မှုများ မြှင့်တင်နိုင်ရန် သံတမန်ငယ်အရာရှိများနှင့် အတွေ့အကြုံရှိသံတမန်များအား သင်တန်းပေးသည့်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုခဲ့ကြပါသည်။

(ည) နှစ်နိုင်ငံတို့သည် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အကူအညီနှင့် အတွေ့အကြုံများ အပြန်အလှန်လဲလှယ်ခြင်းမှတစ်ဆင့် အားကစားကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် သဘောတူညီခဲ့ကြပါသည်။

၅။ နှစ်နိုင်ငံခေါင်းဆောင်တို့က မလေးရှားဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်ခိုင်မာစေမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ မလေးရှားဝန်ကြီးချုပ်သည် ၎င်း၏ခရီးစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မလေးရှားနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဝမ်းမြောက်စွာဖြင့် လက်ခံခဲ့ပါသည်။

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

# မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ်တွန်း ရာဇတ်နှင့် ဇနီး မစ္စစ် ဒါတင်ဆရီ ရို့စ်မာ၌ မန်စာတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

မလေးရှားနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး ဒေါ်လင်းလင်းတင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆွေမြင့်၊ မလေးရှားနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်နှင့် ဇနီး ဒေါ်ထွေးထွေးမြ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dr. Ahmad Faisal Bin Muhamadနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မလေးရှားနိုင်ငံသံရုံးမှ သံရုံးဝန်ထမ်းများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

❐ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက မလေးရှားနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မလေးရှားနိုင်ငံဝန်ကြီးချုပ်က ၎င်းနှင့်အတူ လိုက်ပါလာသည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်တို့အား မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့် ပြန်လည်မိတ်ဆက်ပေးသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း

## မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းသည် ယနေ့ညနေ ၄ နာရီ မိနစ် ၂၀ တွင် နေပြည်တော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်၏ ဇနီး မစ္စစ် ဒါတင် ဆရီ ရို့စ် မာ၌ မန်စာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်လင်းလင်းတင်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါက်တာ ဒေါ်ခင်ဆွေမြင့်နှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီး ဒေါ်ထွေးထွေးမြတို့ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံရာ၌ မြန်မာ-မလေးရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်စေရေးနှင့် အမျိုးသမီးရေးရာဆိုင်ရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း မလေးရှားနိုင်ငံဝန်ကြီးချုပ်၏ ဇနီး မစ္စစ် ဒါတင် ဆရီ ရို့စ် မာ၌ မန်စာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား နိုင်ငံခြားဧည့်သည်များ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဂျာမန်လူ့အခွင့်အရေး ကော်မရှင်နာမင်းကြီး Mr. Markus Michael Maria Loning ဦးဆောင်သော အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Head of Delegation Mr. Georges Paclisanu သည် ညနေ ၄ နာရီတွင် လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံအကြား၊ မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၈ - ၃ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၈၅၀ | ၀. ၀၃၂၄၈ |
| တရုတ် (ယွမ်) | ၆. ၃၀၀၀၀ | ၀. ၁၅၈၇၃ |
| အိန္ဒိယ (ရူပီး) | ၅၀. ၇၆၇၆ | ၀. ၀၁၉၇၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၅၅၀ | ၀. ၃၂၆၂၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၅၇၃၂ | ၀. ၇၉၅၃၄ |
| ဂျပန် (ယန်း) | ၈၃. ၀၅၉၅ | ၀. ၀၁၂၀၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၆. ၀၉ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၅၀၉၃ | ၁. ၃၃၁၆၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၉၄၇ | ၁. ၅၈၈၆၅ |

*အင်တာနက်။*

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးညွန့်တင် ကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူးများနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (မွန်ပြည်နယ်တာဝန်ခံ) ဦးညွန့်တင်သည် မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်/ ခရိုင်/မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ကျေးရွာ မဲရုံမှူးများနှင့် တွေ့ဆုံပြီး ကြားဖြတ်ရွေးကောက်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်သည် မော်လမြိုင်မြို့ပေါ် ရပ်ကွက်များ၌ မဲရုံများဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၉-၃-၂၀၁၂ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၄၀ | "အားရရပ်နားမနေနဲ့" တရားတော် (ဆရာတော် ဓမ္မဒူတအရှင်မာဃိန္ဒ) |
| ၈း၅၅ | "နှစ်သစ်အကြိုမြန်မာပြည် သိန်းတန်" Live Show(Part-3) |
| ၉း၅၀ | မန္တလာမင်းမှ ရာမညမြေသို့ ခရီးစဉ်များ |
| ၁၁း၂၀ | အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ချစ်တယ်ပြောမှလွှတ်မယ်" |
| ၄း၀၀ | MNL MYANMAR 2012 (Ayeyawady Vs Zwekapin) (LIVE) |
| ၆း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၃၆)** |
| ၇း၁၀ | "နှစ်သစ်အကြိုမြန်မာပြည် သိန်းတန်"Live Show(Part-4) |
| ၉း၂၀ | The Shop Around The Corner (Part-54) |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွန့်ရာ" (အပိုင်း-၁၁၃)** |
| ၁၀း၂၀ | Style ရှိမှ Star ဖြစ်မယ် |
| ၁၁း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၂၈)** |
| ၁၁း၅၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၂း၁၅ | အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၏ တက္ကသိုလ်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ |
| ၁း၅၀ | တစ်ပြည်ဝင်အိုး (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)] |
| ၂း၁၀ | ဓာတ်ပုံထဲမှအမှတ်တရများ (ဖွဲ့နောင်) |
| ၄း၂၅ | ဘဝများ(ဆုပန်ထွာ) |
| ၄း၅၀ | ကပ်လျှပူဇော်ကုသိုလ်ယူမယ် ဆံတော်ရှင် ကျိုက်သုတ်စေတီတော်ဝယ် |

◆ကျောဖုံးမှ

အမှတ်ပြုအားပေးသည့်အနေဖြင့် လာရောက်သော ခရီးစဉ်အဖြစ်ခံယူပါကြောင်း၊ သို့ပါ၍ အဆွေတော်၏ ခရီးစဉ်ကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းနှင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံအပေါ် ထားရှိသည့် ချစ်ကြည်ရင်းနှီးမှု သဘောထားနှင့် ထောက်ခံအားပေးမှုများအပေါ် ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် ဧည့်သည်တော် မလေးရှားဝန်ကြီးချုပ်က ယခုကဲ့သို့ မလေးရှားကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးစွာ ကြိုဆိုခဲ့မှုများအတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် မလေးရှားဝန်ကြီးချုပ်က နှစ်နိုင်ငံဆိုင်ရာ ဆက်ဆံရေးကိစ္စရပ်များ၊ ပူးတွဲကော်မရှင်တည်ထောင်ရေးကိစ္စ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပညာရေး၊ ဘဏ်လုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ အားကစား စသည့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မလေးရှားဝန်ကြီးချုပ်အား မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို အသိပေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံမှ ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် အဆိုပြုချက်အပေါ် မလေးရှားနိုင်ငံမှ အပြည့်အဝထောက်ခံမှုပေးသည့်အတွက်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် မြန်မာနိုင်ငံအပေါ် ကန့်သတ်ပိတ်ဆို့ထားမှုများကို ပယ်ဖျက်ပေးသွားရန် မလေးရှားနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအားလုံး တညီတညွတ်တည်း ထောက်ခံပေးခဲ့သည့်အတွက်လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးအတွက် ပူးတွဲကော်မရှင် ဖွဲ့စည်းထူထောင်ရေး၊ မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စရပ်များတွင် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ညပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dr. Ahmad Faisal Bin Muhamadနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲမသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံနိုင်ငံတော်သီချင်းများကို တီးမှုတ်သည်။

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်အား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်တို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား နှစ်ပတ်လည်နေ့အခမ်းအနားနှင့် မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၈**

မြဝတီရုပ်မြင်သံကြား (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် မြဝတီစာပေတိုက် ၂၀၁၁ ခုနှစ် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲ ဆုများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး တက်ရောက်ပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်/ ဝန်ထမ်းများ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက အကောင်းဆုံးအစီအစဉ်မှူးဆု၊ အကောင်းဆုံးကင်မရာရိုက်ကူးသူဆု၊ အကောင်းဆုံးထုတ်လုပ်ရေးမှူးဆု ရရှိသူများကို လည်းကောင်း၊ (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "သားစဉ်မြေးမြစ်" ဇာတ်လမ်းတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသူများကို လည်းကောင်း ဂုဏ်ပြုဆုနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။**(ဓါတ်ပုံ)**

ယင်းနောက် တက်ရောက်လာကြသော တပ်မတော်အရာရှိကြီးများက ရုပ်သံဆိုင်ရာထူးချွန်ဆုများ၊ ဂုဏ်ပြုဆုများ၊ ဓာတ်ပုံထူးချွန်ဆုများ၊ စာပေဆိုင်ရာထူးချွန်ဆုများ၊ အားကစားထူးချွန်ဆုများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု (အဆို၊ အက၊ အရေး၊ အတီး)ပြိုင်ပွဲ ထူးချွန်ဆုများ၊ မြဝတီရုပ်မြင်သံကြားတွင် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အသိပညာရှင် အတတ်ပညာရှင်များနှင့် မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အပြီးသတ်ဆုံးဖြတ်ချက်များ ချမှတ်

**နေပြည်တော် မတ် ၂၈**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးပါဝင်သော ခုံရုံးသည် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းလာသည့် တင်သွင်းလွှာအမှတ်(၁/၂၀၁၂)နှင့် တင်သွင်းလွှာ အမှတ်(၂/၂၀၁၂)တို့ကို ယနေ့ နံနက် ၁၀ နာရီတွင် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ယင်းဆုံးဖြတ်ချက်များမှာ တင်သွင်းလွှာအမှတ်(၁/၂၀၁၂)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းဝင် (သို့မဟုတ်) ပုဂ္ဂိုလ်များဆိုသည်မှာ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပြီး ခန့်ထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့် ယင်းအဖွဲ့အစည်းဝင်(သို့မဟုတ်)ပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ လွှတ်တော်အသီးသီးမှ ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် လွှတ်တော်အဖွဲ့အစည်းများဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း။

ထို့ပြင် တင်သွင်းလွှာအမှတ်(၂/၂၀၁၂)တွင် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးများကို ခန့်အပ်တာဝန်ပေးရာ၌ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်ဝန်ကြီးများအဖြစ် သတ်မှတ်၍ အမိန့်ထုတ်ပြန်ခန့်အပ်တာဝန်ပေးခြင်း ဖြစ်သောကြောင့် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၅ နှင့် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့် ခုံရုံး၏ ၁၄-၁၂-၂၀၁၁ ရက်နေ့ ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ပေးရန် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် ဥပဒေအရ အပြီးအပြတ် အတည်ဖြစ်သည့် ဆုံးဖြတ်ချက်ဖြစ်သဖြင့် တင်သွင်းလွှာကို တင်သွင်းခွင့်မရှိကြောင်း ဆုံးဖြတ်ခဲ့သည်ဟု သိရှိရသည်။

(သတင်းစဉ်)

# ပန်းလှိုင်မြစ်အတွင်း ကူးတို့လှေနှင့် တွဲရေယာဉ်တို့တိုက်မိ၊ ခရီးသည်တစ်ဦးသေဆုံး

**ရန်ကုန် မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ (၁၂)လမ်း ကမ်းနားဆိပ် ပန်းလှိုင်မြစ်အတွင်း၌ ကူးတို့လှေနှင့်CBတွဲ ရေယာဉ်တို့တိုက်မိရာ ကူးတို့လှေတိမ်းမှောက်၍ ခရီးသည်တစ်ဦး ရေနစ်သေဆုံးသွားသဖြင့် တွဲရေယာဉ် တက်မကိုင်အား ညောင်တုန်းစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၄ ရက် ည ၁၁ နာရီခန့်က ညောင်တုန်းမြို့ (၁၂)လမ်း ကမ်းနားဆိပ်ကမ်းနှင့် ရန်ကင်းစံရာရွာမသို့ ကူးတို့ပို့သော ဦးထွန်းကြည်သည် ရန်ကင်းစံရာရွာမသို့ ပြန်မည့်ခရီးသည် သုံးဦးအား တင်ဆောင်၍ ကူးတို့လှေနှင့် ပို့ဆောင်စဉ် ပန်းလှိုင်မြစ်အတွင်း ရန်ကင်းစံရာရွာမဘက်ကမ်းမရောက်မီ ကိုက် ၃၀ အကွာခန့် အရောက်တွင် ရန်ကုန်မှ ဓနုဖြူဘက်သို့ မြစ်အတွင်း ဆန်တက် ခုတ်မောင်းလာသော "ဆက်အောင်" အမည်ရှိ CB နှစ်တွဲပါ (ကုန်မပါ) တွဲရေယာဉ်က ကူးတို့လှေကို ဝင်တိုက်မိပြီး ကူးတို့လှေနစ်မြုပ်သွားခဲ့သည်။

နစ်မြုပ်သွားသော ကူးတို့လှေပေါ်ပါ ခရီးသည်များအား အနီးမှ ပြည်သူများက ဝိုင်းဝန်းဆယ်ယူရာ ခရီးသည်သုံးဦးအနက် မဆွေဆွေ (၃၆)နှစ် (ဘ) ဦးစိန်ဘိုသိုး ဈေးရောင်း ပေါက်ကုန်းရွာကွမ်းသီးပင်ကျေးရွာအုပ်စုနေသူမှာ ဆေးရုံသို့တင်ပို့စဉ် လမ်း၌သေဆုံးသွားသဖြင့် တွဲရေယာဉ် မဆင်မခြင် မောင်းနှင်သူ ပြေငြိမ်းအောင် (တက်မကိုင်) အား ညောင်တုန်းရဲစခန်းမှ (ပ)၂၆/၂၀၁၂ ပြစ်မှုပုဒ်မ ၂၈၀/၃၀၄-က အရ အရေးယူဆောင်ရွက်ထားပြီး တာဝန်မှူး ဒုတိယရဲအုပ် တင်မောင်ရွှေက ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၆၁၂)

**ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက် ဗဟိုလမ်း အမှတ် (၉၂) နေအိမ်၌ မတ် ၂၈ ရက် မွန်းလွဲ ၁နာရီ မိနစ် ၄၀ခန့်က ၂၁လက်မ တီဗွီမီးကြိုးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများက ဝိုင်းဝန်းငြိမ်းသတ်ကြစဉ်။** (၆၀၀)

# ပြည်သူ၏ဆန္ဒကို လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့တင်ပြ လွှတ်တော်မှတစ်ဆင့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ၊ ဥပဒေများဖြစ်လာရန် အရေးကြီး လွှတ်တော်သည် ခေတ်ပြောင်း၊ စနစ်ပြောင်းတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေ

နေပြည်တော် မတ် ၂၈

ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်တို့နှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မြို့မိမြို့ဖများ၊ ကုန်သည်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော် ကော်မတီများ၊ ကော်မရှင်တို့နှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ မြို့မိမြို့ဖများ၊ ကုန်သည်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်း၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကော်မတီများမှ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ စီးပွားရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပြီး မင်္ဂလာအပေါင်း ပြည့်စုံပါစေရန် ဦးစွာဆုတောင်းမေတ္တာ ပို့သပါကြောင်း၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာဒေသရှိ မြို့မိမြို့ဖများ၊ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ်မှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့အစည်းမဟုတ်သော ပြည်တွင်း NGO များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့၌ ဦးဆောင်ဦးရွက်ပြုနိုင်သည့် ပုဂ္ဂိုလ်များအား ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့်အတွက် အင်မတန်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ အဓိကအချက်အချာကျသည့် နေရာဌာနတစ်ခုဖြစ်သော ရန်ကုန်တိုင်းဒေသကြီးတွင် ယခုကဲ့သို့ တွေ့ဆုံမှုမျိုးနှစ်ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ တွေ့ဆုံမှုများသည် မိမိပြည်ပခရီးစဉ် သွားရန်ရှိသည့်အတွက် ရန်ကုန်သို့ ရောက်သည့်အချိန်တွင် တွေ့ဆုံခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုတွေ့ဆုံမှုမျိုးသည် သီးခြားလာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ ကော်မတီများနှင့် ကော်မရှင်တို့အား ဖွဲ့စည်းထားပါကြောင်း၊ အမှန်တကယ် လေ့လာဆန်းစစ်ကြည့်မည်ဆိုလျှင် လွှတ်တော်များကျင်းပရာ၌ လွှတ်တော်၏လုပ်ငန်းတာဝန်များကို ဖော်ဆောင်နိုင်ရန်ဖွဲ့စည်းထားသည့် လွှတ်တော်ကော်မတီများသည် လွှတ်တော်ငယ်များအဖြစ် ဆောင်ရွက်ခဲ့ပြီး ယင်းဆောင်ရွက်ချက်များကို လွှတ်တော်ကြီးသို့ သယ်ဆောင်လာလျက် အားလုံးစုံညီသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆုံးအဖြတ်ဖြင့် မိမိတို့လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်၊ ဒုတိယတာဝန်ဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးအဖွဲ့တို့ အပြန်အလှန်ထိန်းညှိရေးတာဝန်ကို ထမ်းဆောင်နေကြရကြောင်း။

ထပ်မံရှင်းလင်းတင်ပြရပါက လွှတ်တော်၌ အဓိကတာဝန်နှစ်ခု ရှိပါကြောင်း၊ ပထမတာဝန်မှာ ဥပဒေပြုရေးတာဝန်ဖြစ်ပြီး ဒုတိယတာဝန်မှာ အပြန်အလှန်ထိန်းကျောင်းရေးတာဝန်ပင် ဖြစ်ပါကြောင်း၊ ယခုတာဝန်နှစ်ခုသည် လွှတ်တော်က ဖွဲ့စည်းထားသည့် လွှတ်တော်ကော်မတီများ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်ပြီး အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်တွင် မူလက ကော်မတီလေးရပ် ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ ထပ်မံ၍ ကော်မတီ(၁၉)ခု ဖွဲ့စည်းခဲ့သည့်အတွက် စုစုပေါင်းကော်မတီ(၂၃)ခု ရှိပါကြောင်း၊ လွှတ်တော်တာဝန်များကို ထမ်းဆောင်ရာတွင် လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့အား အကြံပြုနိုင်ရန်အတွက် အခြေအနေအရ လိုအပ်ချက်အပေါ် မူတည်ပြီး ကော်မရှင်တစ်ခု ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း၊ ယင်းကော်မရှင်မှာ အားလုံးသိပြီးဖြစ်သည့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ပင် ဖြစ်ကြောင်း၊ ယင်းကော်မရှင်၏ အဓိကတာဝန်မှာ မိမိတို့နိုင်ငံတွင်ရှိသည့် တည်ဆဲဥပဒေများကို ပြန်လည်လေ့လာသုံးသပ်ပြီး ယင်းဥပဒေများကို ပယ်ဖျက်ရန်လိုအပ်လျှင်ဖြစ်စေ၊ အသစ်ပြန်လည်ပြဋ္ဌာန်းရန် လိုအပ်လျှင်ဖြစ်စေ၊ ဤကော်မရှင်က လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြပြီး အကြံပြုပေးရန်ဖြစ်ကြောင်း၊ အထူးကိစ္စရပ်ဆိုသည်မှာ အကြောင်းကိစ္စတစ်ခုကြောင့် ပေါ်ပေါက်လာမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာကိစ္စရပ်များ ပေါ်ပေါက်လာပါက ယင်းကော်မရှင်က အခြေခံသုံးသပ်ပြီး ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာကော်မတီများသို့ အကြံပြုနိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ယင်းကော်မရှင်တွင် ဥပဒေရေးရာကျွမ်းကျင်သူပုဂ္ဂိုလ်များ၊ နိုင်ငံတကာအတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များ၊ ဘဏ္ဍာအခွန်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနယ်ပယ်နှင့် သိပ္ပံနည်းပညာဆိုင်ရာ နယ်ပယ်တို့မှ ကျွမ်းကျင်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည့်အတွက် ယင်းကော်မရှင်သည် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ရေးရာကော်မတီများအား များစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

ပြီးခဲ့သည့်ကာလအတွင်း မိမိတို့လွှတ်တော်အနေဖြင့် လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်နှင့် အချင်းချင်း အပြန်အလှန် ထိန်းညှိရေးတာဝန်ကို အတော်အသင့် တာဝန်ထမ်းဆောင်နိုင်ခဲ့ကြောင်း၊ ယင်းသို့ တာဝန်ထမ်းဆောင်သည့်နေရာတွင် မိမိတို့လွှတ်တော်က ပြုလုပ်ထားသည့်ဆောင်ပုဒ်မှာ "ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"ဆိုသည့် ဆောင်ပုဒ်အတိုင်း တကယ့် ပြည်သူများ၏ လိုလားချက်ကို မိမိတို့လွှတ်တော်က သိရန်လိုအပ်ပါကြောင်း၊ ယင်းသို့ သိပြီဆိုလျှင် ပြည်သူ၏ဆန္ဒကို လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်မှတစ်ဆင့် မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ၊ ဥပဒေများ ဖြစ်လာရန် မိမိတို့နိုင်ငံအတွက် များစွာအရေးကြီးနေပြီဖြစ်ကြောင်း၊ အားလုံးသိကြသည့်အတိုင်း လွှတ်တော်သည် ခေတ်ပြောင်း၊ စနစ်ပြောင်းတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ခေတ်ပြောင်း၊ စနစ်ပြောင်းဟု ပြောသည့်အတွက် ဒီခေတ်၊ ဒီစနစ်ကို အကောင်အထည်ဖော်ရာတွင် ဥပဒေဖြင့်သာ အကောင်အထည်ဖော်ရပါကြောင်း၊ အမိန့်ဖြင့် အကောင်အထည်ဖော်၍ မရပါကြောင်း၊ သို့ဖြစ်၍ ဥပဒေပြုရေးအခန်းကဏ္ဍတွင် မေးခွန်းနှင့် အဆိုများသည် အရေးကြီးသကဲ့သို့ လျင်လျင်မြန်မြန် ဥပဒေကြမ်းများပြုစုပြီး လွှတ်တော်အဆင့်ဆင့်သို့ တင်ပြရမည့် ဥပဒေကြမ်းများသည်လည်း အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ယခုတွေ့ဆုံပွဲတွင် ရောက်ရှိနေကြသည့် မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကြံပြုချက်များသည်လည်း အင်မတန် အရေးကြီးပါကြောင်း၊ တစ်နည်းအားဖြင့် ယနေ့သည် မန္တလေး၊ စစ်ကိုင်း၊ မုံရွာဒေသများရှိ ပုဂ္ဂိုလ်များအနေဖြင့် ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးရှိမည့် မေးမြန်းချက်များ၊ ဆွေးနွေးချက်များ ရရှိလာနိုင်မည်ဖြစ်သကဲ့သို့ ယင်းမှတစ်ဆင့် မိမိတို့နိုင်ငံအတွက် တကယ်လိုအပ်နိုင်မည့် အဖြေများရရှိအောင် ဖော်ထုတ်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

အထူးသဖြင့် မန္တလေး-စစ်ကိုင်းဒေသသည် နိုင်ငံရေး၌ ဖြစ်စေ၊ စီးပွားရေး၌ ဖြစ်စေ၊ လူမှုရေး၌ ဖြစ်စေ အင်မတန် အရေးကြီးသော အခန်းကဏ္ဍမှ ဦးဆောင်နိုင်သည့် တိုင်းဒေသကြီးများဖြစ်သည့်အတွက် ယခုကဲ့သို့ လာရောက်တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် ဆန္ဒများစွာရှိခဲ့ပါကြောင်း၊ ယနေ့ ယင်းဆန္ဒများ ပြည့်ဝသွားပြီ ဖြစ်ပါကြောင်း၊ ယင်းဆန္ဒများ ပြည့်ဝရန်အတွက် လွှတ်တော်ကော်မတီတစ်ခုဖြစ်သည့် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် မန္တလေးဒေသသို့ လာရောက်၍ ဆွေးနွေးချက်၊ အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြဆောင်ရွက်ရာ၌ အတော်ပင်ထိရောက်မှုရှိခဲ့သည့်အတွက် ယခု မိမိအနေဖြင့် မန္တလေးဒေသသို့ လာရောက်ပြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းချုပ်အပါအဝင် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးမှုမှ ထိရောက်သည့်ရလဒ်များ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအနေဖြင့် ပြည်သူနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည့် အကြောင်းအရာများကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ဖြေကြားနိုင်သည်များကို ဖြေကြားကာ လိုအပ်သည်များကို မှတ်သားသယ်ဆောင်သွားပြီး လွှတ်တော်မှတစ်ဆင့် ဥပဒေတစ်ခု၊ လုပ်ငန်းစဉ်တစ်ခု ဖြစ်လာရန် ကြိုးစားဆောင်ရွက်သွားကြမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့် ငွေကြေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းတို့က ၎င်းတို့ကော်မတီအသီးသီးက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းဆိုင်ရာများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ စီးပွားရေးအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ကုန်သည်ကြီးများက လက်တွေ့နယ်ပယ်တွင် ၎င်းတို့ရင်ဆိုင်နေရသည့် အခက်အခဲများ၊ အားနည်းချက်များ၊ အားသာချက်များနှင့် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးနိုင်ပါက ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များအား ပွင့်လင်းစွာ တင်ပြဆွေးနွေးကြသည်။

ယင်းနောက် တင်ပြဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုတင်ပြချက်များသည် အင်မတန်စိတ်ဝင်စားစရာကောင်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် တင်ပြချက်များဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ယခုတင်ပြချက်များကို သေချာစွာမှတ်သားသွားပြီး သက်ဆိုင်ရာကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလျဉ်းသင့်၍ ယခုနေရာတွင် မိမိပြောကြားလိုသည်မှာ ခေတ်တစ်ခေတ်သို့ လည်းကောင်း၊ စနစ်တစ်ခုမှ စနစ်တစ်ခုသို့ လည်းကောင်း၊ ခေတ်ပြောင်း၊ စနစ်ပြောင်းကာလတွင် ယခုကဲ့သို့ အဆင်မပြေမှုများ ရှိနေဦးမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့လွှတ်တော်အနေဖြင့် အဆင်ပြေအောင် ဆောင်ရွက်သည့်နေရာတွင် ဥပဒေပြောင်းလဲရန်လိုကြောင်း၊ ယင်းသို့ ပြောင်းလဲနိုင်ရန် တစ်ဆင့်ထပ်မံပြောကြားရလျှင် မိမိတို့၏ စိတ်အခြေခံ ခံယူချက်များ ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ ကောင်းရာပြောင်းလဲရန်ဖြစ်သည့်အတွက် တကယ်ကောင်းအောင် ပြောင်းလဲရာတွင် အခြေခံအတွေး၊ အခြေခံလုပ်ဆောင်ချက်များပါ ပြောင်းလဲရန် လိုအပ်ပါကြောင်း။

ယခုတင်ပြချက်များကို ခြုံကြည့်လိုက်လျှင် ၂၀၁၅ ခုနှစ်တွင် (AFTA) ကို ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ရန်လိုပြီဆိုသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် (AFTA) သာမက ကမ္ဘာတွင် ပေါ်ပေါက်လာမည့် ပြောင်းလဲမှုများကို ရင်ဆိုင်ရန်အတွက်ကိုပါ ဆောင်ရွက်ကြရန်လိုအပ်ပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ရင်ဆိုင်နိုင်ရန်အတွက် ဘယ်သူ၊ ဘယ်နေရာ၊ ဘယ်ကဏ္ဍများ၌ မည်သို့ ဆောင်ရွက်ရမည်ဆိုသည် အထိပါ လိုအပ်လာပြီဖြစ်ကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို ပြည်သူက တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များက လွှတ်တော်ကတစ်ဆင့် ဖော်ဆောင်ပေးရမှာဖြစ်ပြီး လွှတ်တော်ကလည်း လွှတ်တော်၏ အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးကို မြန်မြန်ထက်ထက်နှင့် ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းဆောင်ရွက်သည့်နေရာတွင်လည်း နိုင်ငံတော်နှင့် ပြည်သူကို အမှန်တကယ် အကျိုးပြုမည့် ဥပဒေများ၊ နည်းဥပဒေများ ဖြစ်၊ မဖြစ်ကို စောင့်ကြည့်သွားရန် လိုအပ်ပြီး နိုင်ငံနှင့် ပြည်သူအား အကျိုးမပြုနိုင်သည့် ဥပဒေများဖြစ်ပါက ပြန်လည်ရုပ်သိမ်းသွားရန် လိုအပ်ပါကြောင်း။

သို့ဖြစ်၍ ဥပဒေပြုရေးဆောင်ရွက်နေသည့် လွှတ်တော်ကို ခိုင်မြဲအောင်၊ ခိုင်ခံ့အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လွှတ်တော်တွင်းရောက်ရှိလာသည့် ပြည်သူ့ကိုယ်စားလှယ်များကိုလည်း ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဝါဒစွဲမထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရည်မှန်းချက်ထား ဆောင်ရွက်ရန် လိုကြောင်း တိုက်တွန်းမှာကြားဆောင်ရွက်ခဲ့သကဲ့သို့ မိမိတို့လွှတ်တော်လုပ်ငန်းများသည်လည်း အတော်အတန်ပီပြင်လာအောင် ဆောင်ရွက်နိုင်သည့် အနေအထားတွင် ရှိနေပြီဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သည့်အတွက် လွှတ်တော်ဘက်ကလည်း ဂုဏ်သိက္ခာမြင့်မားခဲ့သလို အစိုးရအဖွဲ့အစည်းဘက်တွင်လည်း ကျက်သရေမင်္ဂလာနှင့် ပြည့်စုံခဲ့ပါကြောင်း၊ ယခုကဲ့သို့ ပြည်သူများက ပြည်သူ့ကိုယ်စား တင်ပြခဲ့သည့်အတွက် အင်မတန်မှ ကောင်းမွန်သည့် အကြံကောင်းများရရှိခဲ့ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိမည့် အကြောင်းအရာအချက်အလက်များ တင်ပြခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့လွှတ်တော်နှင့် ကော်မတီများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် သစ္စာရှိရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ပြန်လည်ရှင်းလင်းသုံးသပ်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

## မြစ်ကြီး(၄)သွယ်၏ မြစ်ကြောင်းနှင့် မြစ်ကမ်းများတွင် ဓာတ်သတ္တု ရှာဖွေစမ်းသပ်ထုတ်လုပ်မှုတားမြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**နေပြည်တော်**
**အမိန့်ကြော်ငြာစာအမှတ်(၂၆/၂၀၁၂)**
**၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်**
**(၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၅ တွင် "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (စ)တွင် ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန်ဟု ပြဋ္ဌာန်းထားပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် နိုင်ငံတော်၏ သဘာဝအမွေအနှစ် အဓိကမြစ်ကြီးများဖြစ်သည့် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်ကြီး (၄)သွယ်ကို အများပြည်သူအနေဖြင့် အားကိုးအားထားပြု လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ အဆိုပါမြစ်ကြီး (၄)သွယ်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျ ပေါင်းစည်းဆောင်ရွက်ရန်၊ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းသည့်ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရန်နှင့် မြစ်ကြီးများ ရေစီးရေလာကောင်းမွန်ရေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ (၁၅-၃-၂၀၁၂) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၁/၂၀၁၂)ကြိမ်မြောက် အစည်းအဝေးမှ သဘောတူညီချက်အရ သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၉ အရ ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၄။ တန်ဖိုးမဖြတ်နိုင်သော နိုင်ငံတော်၏ သဘာဝအမွေအနှစ်ဖြစ်သည့် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်နှင့် စစ်တောင်းမြစ်ကြီး (၄)သွယ်၏ သဘာဝပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ အဆိုပါ မြစ်ကြီး (၄)သွယ်၏ မြစ်ကြောင်းအတွင်းနှင့် မြစ်ကမ်းစပ်မှ ပေ (၃၀၀) အတွင်း မြေထုမှ တူးဖော်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း၊ မြန်မာ့သတ္တုတွင်းဥပဒေနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေပါ ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းနှင့် ကျောက် စသည့် ဓာတ်သတ္တုများအား ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အမိန့်ထုတ်ပြန်သည့်နေ့မှ နောက်ထပ် အမိန့်တစ်စုံတစ်ရာဖြင့် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း မပြုသရွေ့ မပြုလုပ်ရန် တားမြစ်လိုက်သည်။

၅။ ဤတားမြစ်သည့် အမိန့်ကြော်ငြာစာအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် မြန်မာ့သတ္တုတွင်းဥပဒေ၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်သည်။

**(ပုံ) သိန်းထိုက်**
**ပြည်ထောင်စုဝန်ကြီး**
**သတ္တုတွင်းဝန်ကြီးဌာန**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျာမန်လူ့အခွင့်အရေး ကော်မရှင်နာမင်းကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော်  မတ်  ၂၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဂျာမန်လူ့အခွင့်အရေး ကော်မရှင်နာမင်းကြီး Mr. Markus Michael Maria Loning ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ EU ၏ Sanction ရုပ်သိမ်းမှုကိစ္စရပ်များ၊ လွှတ်တော်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရှေ့ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဂျာမနီနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဂျာမန်လူ့အခွင့်အရေးကော်မရှင်နာမင်းကြီး Mr. Markus Michael Maria Loning အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၉-၃-၂၀၁၂**
**(ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၅း၃၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၁၅၆)** |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၃၀ | ထူးဆန်းထွေလာ မျက်လှည့်ပညာ |
| ၆း၄၅ | ကာတွန်းအစီအစဉ် -စူပါဟမ်းစတား(အပိုင်း-၃၇) |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၁၉)** |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| | - အနုပညာရှင်၏တစ်နေ့တာ |
| | - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | **- ရသစုံလင်ရုပ်မြင်သံကြား "ငှက်ကလေးရဲ့ကွန်းခိုရာ" (အပိုင်း-၂၁)** |
| | **- ရသစုံလင်ရုပ်မြင်သံကြား "သမုဒယနှောင်ကြိုး" (အပိုင်း-၁၅)** |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး တံတားဦးမြို့ အမှတ်(၃)ရပ်ကွက်ရှိ တံတားဦးမြို့ အရန်မီးသတ်ကြီးကြပ်မှု ကော်မတီ မီးသတ်စခန်းသို့ မီးသတ်ယာဉ် နှစ်စီးအား လွှဲပြောင်းပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု တံတားဦးမြို့နယ်၌ ဈေးချိုကတ္တရာလမ်းနှင့် ကြိုးတံတားဖွင့်

**နေပြည်တော်  မတ်  ၂၈**

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဈေးချိုရပ်ကွက် ဈေးချိုကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဈေးချိုလမ်းမုခ်ဦး၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့ တက်ရောက်အားပေးကြပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်မောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူတို့က လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့ ခေါင်းဆောင်နှင့် ဒိုးပတ်အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်းကိုကြည့်ရှု၍ ရပ်ကွက် ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဈေးချိုကတ္တရာလမ်းသည် တံတားဦးမြို့ပေါ်နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဆက်သွယ်ဖောက်လုပ်ထားသော လမ်းဖြစ်ပြီး လမ်းပိုင်းအရှည်ပေ ၄၈၄၀၊ အကျယ် ၁၂ ပေ၊ ဒုသုံးလက်မအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးထောက်ပံ့ငွေကျပ် ၃၀၇ သိန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အလားတူ (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တံတားဦးမြို့နယ် ကျီးပင်ရွာနှင့် ဥယျာဉ်ရွာ ဆက်သွယ်သည့် ပန်းဆေးချောင်းကူး "သဗ္ဗသုခ မေတ္တာ" ကြိုးတံတားဖွင့်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် အဆိုပါ တံတားထိပ်မုခ်ဦး၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ လက်ဆောင်ယူကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တ ကေသဝနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်သန်း၊ ရပ်မိရပ်ဖ ဦးရှိန်တို့က "သဗ္ဗသုခ မေတ္တာ" ကြိုးတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုးတံတားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ ဒိုးပတ်အဖွဲ့နှင့် ဆင်အကအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တံတားကို ဖြတ်သန်းကြည့်ရှုကြပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

အဆိုပါ တံတားမှာ အရှည်ပေ ၂၁၀၊ အကျယ် ခုနစ်ပေ ဖြစ်ပြီး အလှူရှင် ဆွစ်ဇာလန်နိုင်ငံမှ မစ္စတာအန်တိုနီက အလှူငွေကျပ်သိန်း ၈၀၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၂၂၀ စုစုပေါင်းငွေကျပ် သိန်းပေါင်း ၁၀၂၀ ဖြင့် ကုန်ကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စတီးကြိုးများ တပ်ဆင်၍ ခေတ်မီနည်းစနစ် အသုံးပြုတည်ဆောက်ထားခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တံတားဦးမြို့ အမှတ်(၃)ရပ်ကွက်ရှိ တံတားဦးမြို့ အရန်မီးသတ်ကြီးကြပ်မှု ကော်မတီ မီးသတ်စခန်းသို့ ရောက်ရှိကြပြီး အလှူရှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး မိသားစုက TOYOTA DYNA နှင့် HINO RANGER မီးသတ်ယာဉ်နှစ်စီးအား လွှဲပြောင်းပေးအပ်လှူဒါန်းရာ တံတားဦးမြို့ မီးသတ်ကြီးကြပ်မှုကော်မတီဝင်တစ်ဦးက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပုလဲသွယ်စပ်မျိုးစပါးဧက ၂၀၀ စံပြစိုက်ကွင်း ပျိုးကြဲပွဲ ကျင်းပ စပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းဈေး ကြိုတင်ဝယ်ယူ

**နေပြည်တော်  မတ်  ၂၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့သည် ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဦးခင်ဇော်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် အမှုဆောင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ ပုလဲသွယ် စပ်မျိုးစပါး ၃၆၉ ဧက တစ်ကွင်းတစ်ဆက်တည်း စိုက်ကွင်း၌ လာရောက်လေ့လာကြသည့် ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်များမှ တောင်သူလယ်သမားဦးကြီးများအား စိုက်ကွင်းအတွင်း ရှင်းလင်းပြသကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဆန်စပါးကဏ္ဍ ဝင်ငွေတိုးတက်စေရန် ရေရှည်တည်တံ့ခိုင်မြဲသော ဈေးကွက်ရရှိရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ အောင်မြင်တိုးတက်နေကြောင်း၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ကိုယ်တိုင်အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပုလဲသွယ် စပ်မျိုးစပါးများ ဈေးကွက်တွင် ဈေးပိုမိုရရှိပြီး ယခုထွက်ရှိသည်များကို မလေးရှားသို့ တင်ပို့မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၊ လယ်သမားများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းပြီး အောင်မြင်ရန် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စုရှိ ပုလဲသွယ်စပ်မျိုးစပါးဧက ၂၀၀ စံပြစိုက်ကွင်း၌ ပျိုးကြဲပွဲ အခမ်းအနားနှင့် ပုလဲသွယ်စပ်မျိုးစပါးတင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်း ဈေးကြိုတင်ဝယ်ယူပြီး တစ်ဧကငွေကျပ် နှစ်သိန်းနှုန်း ကြိုတင်ငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အတွင်းရေးမှူး ရောဟာသ် ဆန်စပါးအထူး ပြုကုမ္ပဏီ ဒါရိုက်တာ ဦးရဲမင်းအောင်က ပုလဲသွယ်စပ်မျိုးစပါးဧက ၂၀၀ အတွက် ကြိုတင်ငွေကျပ် သိန်း ၄၀၀ ကို စိုက်ဧကအလိုက် တစ်ဦးချင်းသို့ ပေးအပ်သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းရှင်များ၊ လေ့လာရေး ရောက်ရှိလာကြသော အာရှဖွံ့ဖြိုးရေးဘဏ်မှ မစ်ရှင်အဖွဲ့ဝင်များနှင့် တောင်သူများသည် ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်ရန် ပျိုးကြဲခြင်းကို တပျော်တပါး ပါဝင်အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

# သီးနှံအထွက်နှုန်း ပိုမိုရေးစိုက်ပျိုးရေးနည်းပညာဆွေးနွေး ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့များက ပျိုးပင်အခမဲ့ပေးဝေမည်

**သီပေါ  မတ်  ၂၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဘီအမ်ဂျီ (BMG) ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်ဆောက်ကျေးရွာ မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေးရှိ သဘာဝစိုက်ပျိုးရေးခြံအဆောက်အအုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာနှင့် မစ္စတာ မွန်ဂိုး တို့က အဖွင့်အမှာစကားပြောကြားပြီး သီပေါမြို့နယ်အတွင်းရှိ ဆောင်ကြ၊ နမ့်ပျဉ်၊ ပန်မြိုင်း၊ မိုင်းလင်း၊ နောင်ကော်၊ နမ့်မော်လုံ၊ မန်ဝစ်၊ လွယ်တောင်၊ ဆင်ပိုင်း၊ မန်ဆောင်မိန်း ဆွတ်လန်း၊ ပန်ဆောက်၊ ကုန်းသာကျေးရွာများနှင့် ကျောက်မဲမြို့နယ်မှ ခြံတောင်သူ ၁၅၀ ကျော် တက်ရောက်ကြပြီး နာနတ်၊ နဂါးမောက်သီး၊ ကော်ဖီ၊ ငရုတ်ချို၊ စတော်ဘယ်ရီ စသည့် သီးနှံ ငါးမျိုးအထွက်နှုန်း ပိုမိုတိုးတက်စေရန်၊ ရာသီလွဲစိုက်ပျိုးခြင်းနှင့် နည်းပညာဖြန့်ဝေခြင်း၊ အရည်အသွေးစံချိန်မီ စတော်ဘယ်ရီစိုက်ပျိုးနည်းစနစ်များကို တောင်သူများ နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးခဲ့သည်။

ခြံတောင်သူမိသားစုတစ်စုလျှင် နာနတ်အပင် ၄၀၀၀ နှင့် နဂါးမောက်အပင် ၄၀၀ တို့ကို ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့အစည်းများက ပျိုးပင်များ အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ပြီး သီးနှံမျိုးကောင်း မျိုးသန့်နှင့် နည်းပညာများဖြန့်ဖြူးပေးခြင်း၊ ပြည်ပဈေးကွက်ရရှိရန်တို့ကိုပါ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၂၄၇)

# လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ တိကျစွာဆောင်ရွက်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများကို အကြိမ်ကြိမ်စစ်ဆေးပြီး ချွတ်ယွင်းမှုမရှိအောင်ဆောင်ရွက်ရန် ညွှန်ကြားခဲ့

နေပြည်တော်  မတ်  ၂၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ခုံရုံးခန်းမ၌ ကျင်းပသည်။**

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင် ဦးညွန့်တင်၊ အတွင်းရေးမှူး ဦးဝင်းကိုနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်း မဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာချုပ်များနှင့် သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် တာဝန်နှင့်လုပ်ပိုင်ခွင့် (၁၃)ချက်ရှိသည့်အနက် အဓိကကျသည့် လုပ်ငန်းတာဝန်များမှာ လွှတ်တော်အသီးသီးအတွက် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ကြီးကြပ်ကျင်းပခြင်း၊ ရွေးကောက်ပွဲအငြင်းပွားသည့် ကန့်ကွက်လွှာအမှုများကို ရွေးကောက်ပွဲဥပဒေ၊ တရားမကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ အများပြည်သူရှေ့မှောက်တွင် စစ်ဆေးဆုံးဖြတ်ပေးခြင်း၊ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ပေးခြင်းနှင့် ဥပဒေနှင့် အညီ ဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်းနှင့် လမ်းညွှန်ခြင်းတို့ဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် ယင်းတာဝန်များကို အောင်မြင်ကျေပွန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၀ ရွေးကောက်ပွဲ၏ အားနည်းချက်/အားသာချက်များကို ပြန်လည်သုံးသပ်ဖော်ထုတ်ခြင်းပြုခဲ့ပါကြောင်း၊ ဆောင်ရွက်ချက်များအနေဖြင့် ၂၀၁၁ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် နိုင်ငံရေးပါတီ (၃၇)ပါတီနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် တွေ့ဆုံညှိနှိုင်းမှု ပြုလုပ်ခဲ့ပါကြောင်း၊ ကော်မရှင်ဥက္ကဋ္ဌကိုယ်တိုင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ သွားရောက်၍ ကော်မရှင်အဖွဲ့ခွဲများ၏ တင်ပြချက်များကို သုံးသပ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါကြောင်း။

တွေ့ဆုံဆွေးနွေးမှုအရ ဖော်ထုတ်ရရှိချက်များမှာ မဲဆန္ဒရှင်ပြည်သူများသည် ရွေးကောက်ပွဲဆိုင်ရာ အသိပညာအားနည်းနေခြင်း၊ နိုင်ငံရေးပါတီများ(ကိုယ်စားလှယ်လောင်းများ)ကိုယ်တိုင် ဥပဒေပြဋ္ဌာန်းချက်များကို လေ့လာမှုအားနည်းပြီး အပြန်အလှန်ထိန်းကျောင်းမှု (Check and Balance) မရှိခြင်းနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံအဖွဲ့များသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ကျွမ်းကျင်မှုအားနည်းခြင်းတို့ကို ဖော်ထုတ်သိရှိရပါကြောင်း။

ထိုသို့ဖြစ်ရခြင်းမှာ ဥပဒေများပြဋ္ဌာန်းသည့် ၂၀၁၀ ပြည့်နှစ် မတ် ၈ ရက်မှ ရွေးကောက်ပွဲကျင်းပသည့် ၂၀၁၀ပြည့်နှစ် နိုဝင်ဘာ ၇ ရက်အထိ (၈) လခန့်ကာလအတွင်းဆောင်ရွက်ရခြင်းဖြစ်၍ အချိန်ကာလတိုတောင်းသည့်အတွက် ယခုကဲ့သို့ အားနည်းမှုများ ဖြစ်ပေါ်ခဲ့ရသည်ဟု သုံးသပ်မိပါကြောင်း။

ထို့ကြောင့် အလားတူ အားနည်းချက်မျိုးကို ရှောင်ရှားနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အချိန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းဆောင်ရွက်ချက်များမှာ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နိုင်ငံရေးပါတီဥပဒေများကို လိုအပ်သလိုပြင်ဆင်ဖြည့်စွက်နိုင်ရန် လွှတ်တော်သို့တင်ပြဆောင်ရွက်ပေးခဲ့ပါကြောင်း၊ [၂၀၁၁ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်တွင် လွှတ်တော်(၃)ရပ်၏ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေများ ထုတ်ပြန်ပေးခဲ့သကဲ့သို့ ၂၀၁၁ခုနှစ် နိုဝင်ဘာ (၄)ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါကြောင်း၊] ကော်မရှင်က နည်းဥပဒေများကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပေးခဲ့ပါကြောင်း၊ [၂၀၁၂ခုနှစ်၊ ဇန်နဝါရီ ၅ရက်တွင် ရွေးကောက်ပွဲနည်းဥပဒေ (၃)မျိုးနှင့် ပါတီနည်းဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက် ထုတ်ပြန်ပေးပါကြောင်း၊] ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုလည်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို လေ့လာမှတ်သားပြီး ကြိုတင်လေ့ကျင့်ပြင်ဆင်ထားကြရန် လမ်းညွှန်ကြပ်မတ်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ်၊ ဇွန် (၂၃) ရက်တွင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ကော်မရှင်အဖွဲ့ခွဲများကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ဖွဲ့စည်းပေးခြင်း၊ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများကို ပြင်ဆင်ဖွဲ့စည်းစေခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူလူထုသို့ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပြန့်ပွားရေးအတွက် ရွေးကောက်ပွဲကန့်ကွက်လွှာအမှု(ကောက်နုတ်ချက်)များ ပုံနှိပ်ဖြန့်ဝေခြင်း၊ ကော်မရှင်နှစ်ပတ်လည်မဂ္ဂဇင်းပြုစုခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ချက်၊ သတင်းဆောင်းပါးများဖြင့် ပညာပေးမှုများ စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ အသစ်တည်ထောင်/မှတ်ပုံတင်ရန် ဆန္ဒရှိသော ပါတီများကို မှတ်ပုံတင်နိုင်ရေး၊ လိုအပ်သော ဥပဒေများ ပြင်ဆင်ပေးခဲ့သကဲ့သို့ လျှောက်ထားသည့် နိုင်ငံရေးပါတီတိုင်းကို ကော်မရှင်ဥက္ကဋ္ဌ ကိုယ်တိုင်တွေ့ဆုံဆွေးနွေးခြင်း၊ ၎င်းတို့၏ တင်ပြချက်များကို အလေးထားစဉ်းစား သုံးသပ်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သကဲ့သို့ ခေတ်မီသောနိုင်ငံတော်ကြီးတည်ဆောက်ရေး ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းပေါင်းစပ် ပျိုးထောင်ပေးခဲ့ပါကြောင်း။

ကြားဖြတ်ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ (၁၆)ရက်မှ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီ (၃၁)ရက်အတွင်း ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၄၀)နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၁ ဦး၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် (၆)နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း၂၃ ဦး၊ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်(၂)နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၆ ဦး စုစုပေါင်း(၄၈) နေရာအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၀ ဦးတို့ စာရင်းသွင်းခဲ့ကြပါကြောင်း၊ ယင်း ၁၇၀ ဦးအနက် မိဘနိုင်ငံသားဖြစ်မှုနှင့်ငြိစွန်းသဖြင့် (၂)ဦးကို ပယ်ဖျက်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆၈ ဦး ကျန်ရှိပါကြောင်း။

ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းများကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်အတွင်းစိစစ်ပြီး စိစစ်မှုမပြီးပြတ်သေးသည့် (၃)နေရာမှအပ ကျန်လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် အမည်စာရင်းကြေညာပေးခဲ့ပါကြောင်း။

ကန့်ကွက်မှုကြောင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ကြေညာမှုနောက်ကျခဲ့ရသည့် ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်ပြီး အသေးစိတ်တင်ပြရလျှင် ၎င်းသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် အမည်စာရင်းတင်သွင်းခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် အမည်စာရင်းစိစစ်ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကော့မှူးမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်သူ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးတင်ရီက ကန့်ကွက်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ခရိုင်မှ အမှုတွဲအားစစ်ဆေး၍ ဒေါ်အောင်ဆန်းစုကြည်ကို အနိုင်ပေးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်တွင် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲသို့ တစ်ဖက်က ထပ်မံအယူခံတတ်သည့်အတွက် တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲက စစ်ဆေးပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ၎င်းအား အနိုင်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ၎င်း၏ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ကြေညာပေးနိုင်ခဲ့ပါကြောင်း၊ အခြားပါတီများမှ ပုဂ္ဂိုလ်အချို့ကလည်း ကန့်ကွက်ခဲ့သော်လည်း ဥပဒေအရ ယှဉ်ပြိုင်အရွေးခံမည့် ကိုယ်စားလှယ်လောင်းကသာ ကန့်ကွက်ခွင့်ရှိသဖြင့် အရေးယူဆောင်ရွက်ခြင်းမပြုခဲ့ပါကြောင်းလည်း အသိပေးပြောကြားလိုပါကြောင်း။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ပြုထားမှု အခြေအနေများကို တင်ပြလိုပါကြောင်း၊ စိစစ်အတည်ပြုပြီးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် အမည်စာရင်းကြေညာပြီးနောက် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်အတွင်း ကော်မရှင်ကြေညာချက်(၉၁/၂၀၁၀)နှင့်အညီ မဲဆွယ်စည်းရုံးခွင့်ပြုထားပါကြောင်း၊ ကြေညာချက် (၉၁/၂၀၁၀)အရ မဲဆွယ်စည်းရုံးရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ (သို့မဟုတ်) ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က လက်မှတ်ရေးထိုးလျှောက်ထားရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး /ပြည်နယ် ရုံးစိုက်ရာမြို့နယ်များအတွက် တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ ခရိုင်ရုံးစိုက်ရာ မြို့နယ်များအတွက် ခရိုင်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း၊ မြို့နယ်ရုံးစိုက်ရာ မြို့နယ်များအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့လည်းကောင်း လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် ပြုလုပ်ပါက ကြိုတင်အသိပေးရန်သာလိုပါကြောင်း၊ ပါတီရုံးမှအပ အခြားနေရာများဖြစ်ပါက

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ (၇)ရက် ကြိုတင်လျှောက်ထားရပါကြောင်း၊ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခွင့်ပြုသည့် နေ့ရက်၊ နေရာ၊ စတင်ချိန်၊ ပြီးဆုံးမည့်အချိန်၊ ဟောပြောခွင့်ရသည့်ပုဂ္ဂိုလ်များကိုဖော်ပြ၍ ခွင့်ပြုမိန့်ကို (၄၈)နာရီ ကြိုတင်ထုတ်ပေးပါကြောင်း၊ ခွင့်ပြုမိန့်ထုတ်ပေးရာတွင် အစိုးရရုံးများ၊ အဖွဲ့အစည်းများ၊ စက်ရုံအလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ အားကစားကွင်းများ၊ သာသနာရေးနှင့်ဆိုင်သည့် နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများစသည့် လူစုလူဝေးရှိသည့်နေရာများကို အနှောင့်အယှက်မဖြစ်စေရန်၊ ယာဉ်များသွားလာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်၊ လမ်းများပိတ်ဆို့ခြင်းမပြုရန် ရှောင်ရှားရမည်ဖြစ်ကြောင်းအပါအဝင် လိုအပ်သည့် စည်းကမ်းချက်များ သတ်မှတ်ဖော်ပြဆောင်ရွက်စေရမည်ဖြစ်ပါကြောင်း၊ မဲဆွယ်စည်းရုံးရန် စုဝေးဟောပြောသည့်နေရာ သတ်မှတ်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်များနှင့်ညှိနှိုင်း၍ ခွင့်ပြုနိုင်သည့် နေရာတွင်သာ သတ်မှတ်ဟောပြောစေမည် ဖြစ်ပါကြောင်း၊ လုံခြုံရေးအစီအမံများကိုလည်း သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားမည်ဖြစ်ပါကြောင်း၊ စုဝေးဟောပြောခြင်း/ရေးသား ပုံနှိပ်ဖြန့်ချိခြင်းတို့ပြုရာတွင် ယင်းကြေညာချက်၏ အပိုဒ်(၁၀)တွင် ဖော်ပြထားသည့် တားမြစ်ချက်များကို ချိုးဖောက်ကျူးလွန်ပါက တည်ဆဲဥပဒေအရလည်းကောင်း၊ နိုင်ငံရေးပါတီဥပဒေအရလည်းကောင်း အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြညွှန်ကြားထားပါကြောင်း။

သို့သော် မဲဆွယ်စည်းရုံးခြင်းမဟုတ်ဘဲ နိုင်ငံရေးပါတီအင်အားရရှိရေးအတွက် စည်းရုံးဟောပြောခြင်းဖြစ်ပါက ကော်မရှင်၏ ညွှန်ကြားချက် (၂/၂၀၁၀)ကို လိုက်နာရမည်ဖြစ်ကြောင်း ညွှန်ကြားထားပါကြောင်း၊ ပါတီအသစ်များအနေဖြင့်လည်း ပါတီစည်းရုံးရေးဟောပြောမှုများဆောင်ရွက်ကြပါကြောင်း၊ တစ်ပြိုင်နက် မဲဆွယ်စည်းရုံးသွားမှုကိုလည်း တွေ့ရှိရပါကြောင်း၊ မဲဆွယ်စည်းရုံးဟောပြောမှု၌ အချို့ပါတီအနေဖြင့် အဖုအထစ်ရှိခဲ့သော်လည်း ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် အောင်မြင်စွာမဲဆွယ်စည်းရုံးမှုပြုနိုင်ခဲ့သည်ကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးနေသည့် Internet အပါအဝင် Media များနှင့် ဂျာနယ်အသီးသီးတွင် ဖော်ပြသည်ကို လေ့လာကြည့်က သိရှိနိုင်ပါကြောင်း။

၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ(၃၇)ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ထိုစဉ်က တရားဝင်နိုင်ငံရေးပါတီ (၃၇) ပါတီရှိခဲ့ပါကြောင်း၊ ယင်း(၃၇)ပါတီအနက် (၂၂)ပါတီက လွှတ်တော်ကိုယ်စားလှယ်ရရှိသည့်အတွက် လွှတ်တော်တွင်း နိုင်ငံရေးဆောင်ရွက်လျက်ရှိပြီး (၁၅)ပါတီက ကိုယ်စားလှယ်မရသည့်အတွက် လွှတ်တော်ပြင်ပ နိုင်ငံရေးလုပ်ဆောင်နေကြပါကြောင်း။

အထွေထွေရွေးကောက်ပွဲအပြီးတွင် နိုင်ငံရေးပါတီသစ် (၁၆)ပါတီ လျှောက်ထားခဲ့ကြပြီး ကော်မရှင်က (၁၀)ပါတီကို မှတ်ပုံတင်ခွင့်ပြုပေးခဲ့ပါကြောင်း၊ ယင်း (၁၀)ပါတီအနက် (၂)ပါတီမှာ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ် (၃)နယ်မပြိုင်နိုင်သဖြင့် ပယ်ဖျက်ခဲ့ရပြီး (၂)ပါတီမှာ ရွေးကောက်ပွဲဝင်ရန်မလိုသည့် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့် ပါတီများဖြစ်သည့်အတွက် ပါတီသစ် (၆)ပါတီသာ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါကြောင်း၊ ကျန်ပါတီ (၆)ပါတီတွင် (၁)ပါတီကို တည်ထောင်ခွင့်ပြုထားပြီး (၅)ပါတီမှာ စိစစ်ဆဲဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါတီဟောင်း (၃၇)ပါတီမှ (၁၁)ပါတီနှင့် ပါတီသစ် (၈)ပါတီမှ (၆)ပါတီစုစုပေါင်း (၁၇)ပါတီတို့က ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပါတီ (၁၇)ပါတီမှ ကိုယ်စားလှယ်လောင်း (၁၆၀)ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း (၈)ဦး၊ ပေါင်း (၁၆၈) ဦးတို့ ယှဉ်ပြိုင်ရန် စာရင်းသွင်းထားကြောင်း ပြောကြားလိုပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် နေပြည်တော် ကော်မရှင်အဖွဲ့ခွဲ တိုင်းဒေသကြီး/ပြည်နယ် (၁၀) ခုနှင့် ခရိုင် (၃၄) ခုတို့မှ ကော်မရှင်အဖွဲ့ခွဲများကို ခေါ်ယူတွေ့ဆုံ၍ ဘက်လိုက်မှုမရှိဘဲ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ပေးကြရန်နှင့် ကြိုတင်ပြင်ဆင်မှုများကိုလည်း အကြိမ်ကြိမ်စစ်ဆေးပြီး အားနည်းချွတ်ယွင်းမှုမရှိအောင် ဆောင်ရွက်ကြရန် ရှင်းလင်းညွှန်ကြားခဲ့ပါကြောင်း။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီ (၁၇)ပါတီမှ ဥက္ကဋ္ဌ ၊ အတွင်းရေးမှူးများကို ဖိတ်ကြားတွေ့ဆုံဆွေးနွေးခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စေရန် ဥပဒေနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြရေးနှင့် ပါတီအချင်းချင်း (Chack and Balance) လုပ်ဆောင်ထိန်းကျောင်းကြပ်မတ်ပေးရန် ရှင်းလင်းမှာကြားခဲ့ပါကြောင်း။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် နိုင်ငံရေးပါတီ (၁၇)ပါတီနှင့်စိတ်ပါဝင်စားသူများကို ဖိတ်ကြား၍ ရွေးကောက်ပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ပြီး အသေးစိတ်ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၂ ခုနှစ် မတ် ၈ ရက်တွင် အစိုးရဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများကို ဖိတ်ကြား၍ ကြားဖြတ်ရွေးကောက်ပွဲတွင် ဘက်လိုက်မှုများမပြုဘဲ ဥပဒေနှင့်အညီ မှန်ကန်မျှတစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ပေးကြရန် ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း။

**ရွေးကောက်ပွဲအတွက် ကော်မရှင်၏ သတင်းထုတ်ပြန်ချက်နှင့် သတင်းဆောင်းပါးထုတ်ပြန်ချက်များကို (၁၀)ကြိမ်** ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကော်မရှင်သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်စွဲပါ ကြေညာချက် အမှတ် (၁၂/၂၀၁၂)ဖြင့် ကြားဖြတ်ရွေးကောက်ပွဲဝင်ကြမည့် ပါတီ (၁၇)ပါတီအား နိုင်ငံပိုင်ရေဒီယို၊ ရုပ်မြင်သံကြားအစီအစဉ်များမှ သတ်မှတ်ရက်များအတိုင်း တစ်ပါတီလျှင် (၂)ကြိမ်စီ ဟောပြောတင်ပြခွင့်ပြုပေးခဲ့ပါကြောင်း၊ [ ၂၀၁၂ ခုနှစ် မတ် ၇ ရက်မှ ၂၀၁၂ ခုနှစ် မတ် ၂၄ ရက်ထိ ရက်သတ်မှတ်ပြီး တစ်ရက်လျှင် ပါတီနှစ်ခု၊ ပါတီတစ်ခုလျှင် နှစ်ကျော့ပြန် ထုတ်လွှင့်ပေးခဲ့ပါကြောင်း။]

နိုင်ငံရေးပါတီများက တင်ပြသည့် ဟောပြောချက်စာမူအသီးသီးကို ကော်မရှင်က စိစစ်ရာတွင် ရှည်လျားလွန်းပြီး သတ်မှတ်ချိန် ၁၅ မိနစ်ကျော်လွန်သည့် စာမူနှင့် ပါတီဥပဒေပုဒ်မ ၆ ပါ ဝန်ခံချက်များအရ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေခြင်း၊ လူမျိုးရေး၊ ဘာသာရေးနှင့် လူတစ်ဦးချင်း၊ လူအများ၊ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် ဟောပြောချက်များမှလွဲ၍ ကျန်ဟောပြောချက်စာမူများကို မူရင်းအတိုင်း ရိုက်ကူးထုတ်လွှင့်ခွင့်ပြုပေးခဲ့ပါကြောင်း။

ထို့အပြင် ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ခွင့်မပြုခဲ့သည့် ပါတီအလံငယ်နှင့် ပါတီသင်္ကေတတံဆိပ်တို့ကိုလည်း ဟောပြောချိန်တွင် အသုံးပြုခွင့်ပေးခဲ့ပြီး ထိရောက်သော ဟောပြောစည်းရုံးမှုဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲနီးကပ်လာပြီးဖြစ်၍ မဲစာရင်းများ တိကျမှန်ကန်ရေးကို အလေးထားပြီး ၂၀၁၂ ခုနှစ် မတ် ၂၄ ရက်အထိ ပြင်ဆင်၊ ဖြည့်စွက်၊ နုတ်ပယ် ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များကိုယ်တိုင် ကြားဖြတ်ရွေးကောက်ပွဲရှိသည့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များက ခရိုင်နှင့် မြို့နယ်များအထိ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် /ကျေးရွာများအထိ လည်းကောင်း၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက မဲရုံများ တည်ဆောက်ထားမှုအထိလည်းကောင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ယင်းသို့ ကွင်းဆင်းစစ်ဆေး၍ တွေ့ရှိမှုအခြေအနေများအရ ကချင်ပြည်နယ်ရှိ ဖားကန့်၊ ဗန်းမော်၊ မိုးကောင်း ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များတွင် နယ်မြေလုံခြုံရေးအခြေအနေအရ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ၂၀၁၂ ခုနှစ် မတ် ၂၃ ရက်တွင် ကော်မရှင်က ကြေညာချက်ထုတ်ပြန်၍ ယင်းမဲဆန္ဒနယ် (၃)နယ်၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းပြီး နောင် လုံခြုံရေးအခြေအနေအရ သင့်လျော်သည့်အချိန်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

ကျန်ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များတွင် မြို့နယ်အလိုက် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဝင်များနှင့် မဲရုံအဖွဲ့များကို ကျွမ်းကျင်စွာ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် သင်တန်းများပို့ချပေးလျက်ရှိကြပါကြောင်း။

မဲဆန္ဒရှင်များ သွားလာမှုလွယ်ကူရန်အတွက် မဲရုံနေရာများ ပြောင်းရွှေ့နေရာချထားခြင်းနှင့် ဆန္ဒပြုခန်းများကို လျှို့ဝှက်လုံခြုံမှုရှိစေရန် ပြင်ဆင်သတ်မှတ်စေခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနေပါကြောင်း။

ရွေးကောက်ပွဲနေ့တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ခရိုင်၊ မြို့နယ်ရုံးများတွင်လည်းကောင်း၊ ခရိုင်နှင့်မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များက ရပ်ကွက်/ကျေးရွာအုပ်စုနှင့် မဲရုံများအထိလည်းကောင်း ကွင်းဆင်းစစ်ဆေးရုံးထိုင်ပြီး ရွေးကောက်ပွဲကို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မဲပေးခြင်း၊ မဲရေတွက်ခြင်း (ကြိုတင်မဲအပါအဝင်)တို့တွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် အများပြည်သူအသိသက်သေ (၁၀) ဦးရှေ့မှောက်တွင် ဥပဒေနှင့်အညီ ရေတွက်ခြင်းဖြစ်၍ ပွင့်လင်းမြင်သာမှုရှိပြီး

**စာမျက်နှာ ၉ ကော်လံ ၇ သို့ ✱**

(29-3)07.pmd 1 3/29/2012, 3:55 AM

# အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပြဋ္ဌာန်း

## အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ
## (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။)
## ၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်
## (၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်)

### နိဒါန်း

အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရန် လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေရန်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အလုပ်သမား** ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမား၊ စိုက်ပျိုးရေးအလုပ်သမား၊ အိမ်အကူအလုပ်သမား၊ အစိုးရဝန်ထမ်း၊ အလုပ်သင်တို့အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ၊ မိမိ၏ လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကိုဆိုသည်။ ထို့ပြင် အငြင်းပွားမှု ဖြစ်ပွားနေစဉ်အတွင်း အလုပ်မှ ရပ်စဲခံရသူ သို့မဟုတ် အလုပ်ထုတ်ခံရသူ အလုပ်သမားလည်း ပါဝင်သည်။ ယင်းစကားရပ်တွင် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သို့မဟုတ် တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းဝင်တို့မပါဝင်။

(ခ) **အလုပ်သမားအဖွဲ့အစည်း** ဆိုသည်မှာ အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ ဖွဲ့စည်းသော အခြေခံအလုပ်သမားအဖွဲ့အစည်း၊ မြို့နယ် အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ကို ဆိုသည်။

(ဂ) **အလုပ်ရှင်** ဆိုသည်မှာ လုပ်ငန်းတစ်ခုခုတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက် သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားအား လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင် ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိသူတို့လည်း ပါဝင်သည်။

(ဃ) **အလုပ်ရှင်အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ ဖွဲ့စည်းသည့် အလုပ်ရှင်အဖွဲ့အစည်းကို ဆိုသည်။

(င) **လုပ်ငန်း** ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင် သို့မဟုတ် ဖက်စပ်ပိုင်ဖြစ်သည့် စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်မှုလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုခုကို ဆိုသည်။

(စ) **မရှိမဖြစ်လိုအပ်သည့်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု ပြတ်တောက်ရပ်ဆိုင်းစေခြင်းဖြင့် အများပြည်သူ၏ အသက်၊ ကျန်းမာရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော အောက်ပါဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်-

(၁) ရေပေးဝေရေးလုပ်ငန်း၊
(၂) လျှပ်စစ်ဓာတ်အားလုပ်ငန်း၊
(၃) မီးသတ်လုပ်ငန်း၊
(၄) ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊
(၅) တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်း၊
(၆) မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုမဟုတ်သောလုပ်ငန်းမှ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းအဖြစ်သို့ ပြောင်းလဲလာသောလုပ်ငန်း။

(ဆ) **အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆိုသည်-

(၁) သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊
(၂) ဆိပ်ကမ်းလုပ်ငန်းနှင့် ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်း၊
(၃) စာတိုက်၊ တဲလက်စ် သို့မဟုတ် ဖက်(စ်)လုပ်ငန်း၊
(၄) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လုပ်ငန်း၊
(၅) အများပြည်သူတို့အတွက် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်း ဖြန့်ဖြူးသည့်လုပ်ငန်း၊
(၆) အညစ်အကြေးသိမ်းဆည်းရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေး လုပ်ငန်း၊
(၇) အများပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် လောင်စာ စွမ်းအင် ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသည့် လုပ်ငန်း၊
(၈) အများပြည်သူဆိုင်ရာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊
(၉) ပြည်ထောင်စုအစိုးရက အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်း။

(ဇ) **အလုပ်ပိတ်ခြင်း** ဆိုသည်မှာ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှု တစ်ခုခုတွင် ညှိနှိုင်း၍မရနိုင်သည့် အခြေအနေ၌ အလုပ်ရှင်က လုပ်ငန်းတစ်ခုခု၏ အလုပ်လုပ်သောနေရာကို ယာယီပိတ်ခြင်း၊ အလုပ်ကို ခေတ္တရပ်ဆိုင်းထားခြင်း သို့မဟုတ် အလုပ်ခွင်ရှိ အလုပ်သမားများအား ဆက်လက်အလုပ်လုပ်ခွင့် မပြုခြင်းကို ဆိုသည်။

(ဈ) **သပိတ်မှောက်ခြင်း** ဆိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုတစ်ခုခုတွင် ညှိနှိုင်း၍မရနိုင်သည့် အခြေအနေ၌ လူမှုရေး သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ အလုပ်သမားအချို့က ဖြစ်စေ၊ အားလုံးကဖြစ်စေ ဆုံးဖြတ်၍ အလုပ်ရပ်ဆိုင်းခြင်း၊ အလုပ်လုပ်ကိုင်ရန်ဖြစ်စေ၊ အလုပ်ဆက်လက်လုပ်ကိုင်ရန်ဖြစ်စေ ငြင်းဆန်ခြင်း၊ အလုပ်နှောင့်နှေးစေရန် ပြုလုပ်ခြင်း သို့မဟုတ် အလုပ်သမားအများစု သဘောတူညီမှုဖြင့် ထုတ်လုပ်မှုကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ ထိခိုက်ကျဆင်းစေသည့် စုပေါင်းလုပ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သမားများ၏အသက် သို့မဟုတ် ကျန်းမာရေးအပေါ် ရုတ်တရက် ပြင်းထန်စွာ အန္တရာယ်ကျရောက်မည်ဟု ယုတ္တိတန်စွာ ယုံကြည်သည့်အကြောင်းကြောင့် လုပ်ငန်းခွင်မှ ထွက်ခွာသွားနိုင်သော ယင်းတို့၏ အခွင့်အရေးကို ကျင့်သုံးခြင်းမပါဝင်။

(ည) **အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်** ဆိုသည်မှာ အလုပ်ခန့်ထားမှု၊ အလုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ အလုပ်ရှင်နှင့်အလုပ်သမားတို့ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ပြုလုပ်သည့် သဘောတူညီချက်ကို ဆိုသည်။

(ဋ) **စုပေါင်းတောင်းဆိုမှု** ဆိုသည်မှာ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများအကြား အလုပ်လုပ်ကိုင်မှုအခြေအနေနှင့် စည်းကမ်းချက်များ၊ ယင်းတို့၏ အလုပ်သမားရေးရာ ဆက်ဆံမှုများ သို့မဟုတ် အငြင်းပွားမှုမဖြစ်ပွားစေရန် ကာကွယ်မှုနှင့် ဖြေရှင်းမှုဆိုင်ရာအရေးယူမှုများကို ဆုံးဖြတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးပြီး စုပေါင်းသဘောတူညီချက် ချမှတ်နိုင်ရန် ဆောင်ရွက်သည့်လုပ်ငန်းစဉ်ကို ဆိုသည်။

(ဌ) **စုပေါင်းသဘောတူညီချက်** ဆိုသည်မှာ စုပေါင်းတောင်းဆိုမှုအရ အလုပ်သမားများ၏ လုပ်ငန်းခွင်နှင့် အလုပ်လုပ်ကိုင်မှုအခြေအနေများ သတ်မှတ်ခြင်း၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၊ ယင်းတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများအကြားတွင် ဆက်ဆံမှုဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ အလုပ်သမားအဖွဲ့အစည်းများ၏ တရားဝင်ရပ်တည်မှုကို အသိအမှတ်ပြုဆောင်ရွက်ခြင်းနှင့် အလုပ်သမားများအပေါ် ကျရောက်နိုင်သည့် လူမှုရေးဘေးဒုက္ခမှ ကာကွယ်တားဆီးမည့် အာမခံချက်များကို မြှင့်တင်ခြင်းတို့ အပါအဝင် အလုပ်လုပ်ကိုင်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ စာဖြင့်ချုပ်ဆိုသည့် နှစ်ဖက်သဘောတူညီချက်ကို ဆိုသည်။

(ဍ) **အငြင်းပွားမှု** ဆိုသည်မှာ အလုပ်သမားတစ်ဦး သို့မဟုတ် အလုပ်သမားများ၏ အလုပ်ခန့်ထားခြင်း၊ အလုပ် လုပ်ကိုင်ခြင်း၊ အလုပ်ရပ်စဲခြင်းတို့နှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ပင်စင်၊ လုပ်သက်ဆု၊ လုပ်အားဆုနှင့် စရိတ်အပါအဝင် အလုပ်လုပ်ကိုင်မှု သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်နှင့် သက်ဆိုင်သည့် ထိခိုက်နစ်နာမှုများ၊ လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုများ၊ သေဆုံးမှုများ သို့မဟုတ် လုပ်ငန်းခွင်ကြောင့် ဖြစ်ပေါ်သော ရောဂါများအတွက် လျော်ကြေးနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ အလုပ်သမားများ၏ နားရက်၊ ခွင့်ကိစ္စအပါအဝင် အလုပ်သမားရေးရာ အခြားကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သော်လည်းကောင်း အလုပ်ရှင်တစ်ဦး သို့မဟုတ် အလုပ်ရှင်များ သို့မဟုတ် ယင်းတို့အား ကိုယ်စားပြုသည့် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားတစ်ဦး သို့မဟုတ် အလုပ်သမားများ သို့မဟုတ် ယင်းတို့အားကိုယ်စားပြုသည့် အလုပ်သမား အဖွဲ့အစည်းတို့အကြား ဖြစ်ပွားသော အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုကို ဆိုသည်။

(ဎ) **တစ်ဦးချင်းအငြင်းပွားမှု** ဆိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမား တစ်ဦး သို့မဟုတ် အလုပ်သမားများ အကြားတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ စုပေါင်း သဘောတူညီချက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်နှင့်စပ်လျဉ်း၍ သော်လည်းကောင်း ဖြစ်ပွားသော တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုကို ဆိုသည်။

(ဏ) **စုပေါင်းအငြင်းပွားမှု** ဆိုသည်မှာ အလုပ်ရှင်တစ်ဦး သို့မဟုတ် အလုပ်ရှင်များ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့အစည်း၊ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအကြားတွင် လုပ်ငန်းခွင် အခြေအနေနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်း အလုပ်ရှင်အဖွဲ့အစည်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများအား အသိအမှတ်ပြုမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဆိုပါ အဖွဲ့အစည်းများက အသိအမှတ်ပြုထားသော လုပ်ငန်းနှင့်သက်ဆိုင်သည့် အခွင့်အရေးများကို ကျင့်သုံးမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေးနှင့် စပ်လျဉ်း၍ သော်လည်းကောင်း ဖြစ်ပွားသည့် လုပ်ငန်းလည်ပတ်မှုကို ထိခိုက်စေသော သို့မဟုတ် လူမှုဘဝအေးချမ်းတည်ငြိမ်မှုကို အန္တရာယ်ဖြစ်စေသော အငြင်းပွားမှုကိုဆိုသည်။ ယင်းစကားရပ်တွင် တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှု သို့မဟုတ် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုလည်း ပါဝင်သည်။

(တ) **ညှိနှိုင်းရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို ဆိုသည်။

(ထ) **ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို ဆိုသည်။

(ဒ) **ခုံသမာဓိအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ဆိုသည်။

(ဓ) **ခုံသမာဓိကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီကို ဆိုသည်။

(န) **ခုံအဖွဲ့** ဆိုသည်မှာ အငြင်းပွားမှုတစ်မှုချင်းအလိုက် ဆုံးဖြတ်ချက်ချမှတ်ရန် ခုံသမာဓိကောင်စီက သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းသည့် ခုံအဖွဲ့ကို ဆိုသည်။

(ပ) **ဆုံးဖြတ်ချက်** ဆိုသည်မှာ အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ခုံသမာဓိကောင်စီ သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်ကို ဆိုသည်။

(ဖ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ အလုပ်သမားဝန်ကြီးဌာနကို ဆိုသည်။

(ဗ) **ဝန်ကြီး** ဆိုသည်မှာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

### အခန်း(၂)
### အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းခြင်း

၃။ အလုပ်သမား ၃၀ဦးနှင့်အထက် အလုပ်လုပ်ကိုင်နေသော လုပ်ငန်းတစ်ခုခုတွင် စုပေါင်းသဘောတူညီချက်ကို ဆွေးနွေးရရှိနိုင်ရန် အလုပ်ရှင်သည်-

(က) အလုပ်သမားအဖွဲ့အစည်းရှိလျှင် စုပေါင်းတောင်းဆိုမှု ပြုလုပ်နိုင်ရေး အတွက် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) အလုပ်သမားအဖွဲ့အစည်း တစ်ခုချင်းက အဆိုပြုသည့် အလုပ်သမားကိုယ်စားလှယ် နှစ်ဦးစီ၊
(၂) အလုပ်သမားကိုယ်စားလှယ်ဦးရေနှင့် အရေအတွက် တူညီသည့် အလုပ်ရှင်ကိုယ်စားလှယ်များ။

(ခ) အလုပ်သမားအဖွဲ့အစည်း မရှိလျှင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) အလုပ်သမားများက ရွေးချယ်ပေးသော အလုပ်သမား ကိုယ်စားလှယ် နှစ်ဦး၊
(၂) အလုပ်ရှင်ကိုယ်စားလှယ် နှစ်ဦး။

၄။ (က) ပုဒ်မ ၃ အရ ဖွဲ့စည်းသည့် ညှိနှိုင်းရေးကော်မတီတွင် အလုပ်ရှင်ဘက်မှဖြစ်စေ၊ အလုပ်သမားဘက်မှဖြစ်စေ၊ ကိုယ်စားလှယ်လစ်လပ်ပါက သက်ဆိုင်ရာဘက်မှ လိုအပ်သလို ဖြည့်စွက်ရမည်။

(ခ) ညှိနှိုင်းရေးကော်မတီ၏ သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၅။ ညှိနှိုင်းရေးကော်မတီသည် အလုပ်ရှင်နှင့် အလုပ်သမား သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းအကြားတွင် ဆက်ဆံမှုကောင်းမွန်စေရေး၊ အလုပ်လုပ်ကိုင်မှုအခြေအနေ၊ စည်းကမ်းချက်များ ဆွေးနွေးညှိနှိုင်းရေးနှင့် အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်ရမည်။

၆။ (က) အလုပ်သမား သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းဘက်ကဖြစ်စေ၊ အလုပ်ရှင်ဘက်ကဖြစ်စေ ၎င်းတို့၏ နစ်နာချက်ကို ညှိနှိုင်းရေးကော်မတီသို့ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်ဖြင့် တောင်းဆိုတိုင်ကြားလာပါက ညှိနှိုင်းရေးကော်မတီသည် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင် ရုံးပိတ်ရက်များမပါ ငါးရက်အတွင်း ဆွေးနွေးညှိနှိုင်း ဖြေရှင်းရမည်။

(ခ) ညှိနှိုင်းရေးကော်မတီသည် ဆောင်ရွက်မှုအခြေအနေကို ဖြေရှင်းမှုမှတ်တမ်းရေးသားထားရှိ၍ သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာ ပေးပို့ရမည်။

၇။ အလုပ်သမား ၃၀ ဦး မပြည့်သဖြင့် ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းခြင်းမရှိသည့် လုပ်ငန်းတွင် နစ်နာချက်ကို အလုပ်ရှင်ထံတောင်းဆိုပါက အလုပ်ရှင်သည် အလုပ်သမားများ သို့မဟုတ် ယင်းတို့၏ ကိုယ်စားလှယ်များနှင့် တောင်းဆိုချက်ကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ ငါးရက်အတွင်း ဆွေးနွေးညှိနှိုင်း ဖြေရှင်းပြီး ဖြေရှင်းမှုမှတ်တမ်းရေးသားထားရှိ၍ သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က တောင်းခံသည့်အခါ ယင်းမှတ်တမ်းကို ပေးပို့ရမည်။

၈။ လုပ်ငန်းတစ်ခုတည်းတွင် အလုပ်သမားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အလုပ်သမားများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များ ပူးတွဲရှိနေခဲ့လျှင် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းနှင့် ယင်းတို့၏ ကိုယ်စားလှယ်များ အနေအထား လျော့ပါးစေရန် အလုပ်ရှင်သည် သက်ဆိုင်ရာအလုပ်သမားများက ရွေးချယ်ပေးသော ကိုယ်စားလှယ်များကို အသုံးပြု၍ ဆောင်ရွက်ခြင်းမပြုရ။

၉။ ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၇ အရ ဆွေးနွေးညှိနှိုင်းရာတွင် ပြေငြိမ်းမှုမရရှိသည့် အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖျန်ဖြေရေးကို ဆက်လက်ခံယူလိုပါက အလုပ်ရှင် သို့မဟုတ် အလုပ်သမားသည် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်သည်။

### အခန်း(၃)
### အငြင်းပွားမှု ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး | ဥက္ကဋ္ဌ |
| (ခ) | အလုပ်ရှင်များ သို့မဟုတ် အလုပ်ရှင်အဖွဲ့အစည်းများက ရွေးချယ်ပေးသောကိုယ်စားလှယ်သုံးဦး | အဖွဲ့ဝင် |
| (ဂ) | အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းများက ရွေးချယ်ပေးသောကိုယ်စားလှယ်သုံးဦး | အဖွဲ့ဝင် |
| (ဃ) | သက်ဆိုင်ရာမြို့နယ်အဆင့် အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (င) | အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများက ယုံကြည်လက်ခံသည့် ဂုဏ်သရေရှိပုဂ္ဂိုလ်နှစ်ဦး | အဖွဲ့ဝင် |
| (စ) | ဝန်ကြီးဌာနက တာဝန်ပေးအပ်သူတစ်ဦး | အတွင်းရေးမှူး |

၁၁။ (က) ပုဒ်မ ၁၀ အရ ဖွဲ့စည်းသည့် အဖွဲ့ဝင်လစ်လပ်ပါက ယင်းလစ်လပ်သည့် နေရာများကို သက်ဆိုင်ရာဘက်က လိုအပ်သလို ဖြည့်စွက်ရမည်။

(ခ) ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ သက်တမ်းသည် နှစ်နှစ်ဖြစ်သည်။

၁၂။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် တိုင်ကြားလာသည့် သို့မဟုတ် လက်ခံရရှိသည့် အငြင်းပွားမှုအား တစ်ဦးချင်း အငြင်းပွားမှု သို့မဟုတ် စုပေါင်းအငြင်းပွားမှု အမျိုးအစားခွဲခြားသတ်မှတ်ပြီး အငြင်းပွားမှု ပြေငြိမ်းစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ဖျန်ဖြေဆောင်ရွက်ရမည်။

၁၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ယင်းတို့ကို
ပြင်ဆင်ခြင်းအပါအဝင် အခြားလိုအပ်သည့်
၁၄။ မြန်မာနိုင်ငံအတွင်း တည်ထောင်ထားရှိ
ပွားမှုများ ညှိနှိုင်းဖြေရှင်းရေးအတွက်
သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြ
ပါအတိုင်း အထူးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ
၁၅။ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်
ပြေငြိမ်းမှုမရရှိသည့် အကျိုးစီးပွားဆိုင်ရာ အ
ဖျန်ဖြေခြင်းမပြုမီကာလအတွင်း အလုပ်ရှင်
လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းမျ
များအား လည်းကောင်း ခန့်အပ်နိုင်သည်။
အလုပ်သမားများသည် ၎င်းတို့၏ကိုယ်စားလ

### အခန်း (
### အငြင်းပွားမှုဖြေရှင်းရေး ခုံသ

၁၆။ (က) ဝန်ကြီးဌာနသည် တိုင်းဒေသကြီး
ပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့ကို
တူညီချက်ဖြင့် အောက်ပါအတိုင်
(၁) သက်ဆိုင်ရာတိုင်းဒေသကြ
ပြည်နယ်အစိုးရအဖွဲ့က တ
(၂) အလုပ်ရှင်အဖွဲ့အစည်းမျာ
ထောက်ခံတင်ပြသည့်အမ
ရွေးချယ်သောပုဂ္ဂိုလ်သုံးဦး
(၃) အလုပ်သမားအဖွဲ့အစည်း
ထောက်ခံတင်ပြသည့် အ
ရွေးချယ်သော ပုဂ္ဂိုလ်သုံးဦ
(၄) သက်ဆိုင်ရာ တိုင်းဒေသကြ
ပြည်နယ်အဆင့် အစိုးရဌာ
ကိုယ်စားလှယ်တစ်ဦး
(၅) အလုပ်ရှင်များ သို့မဟုတ်
အလုပ်ရှင်အဖွဲ့အစည်းမျာ
အဖွဲ့အစည်းများက ယုံကြ
ဂုဏ်သရေရှိ ပုဂ္ဂိုလ်နှစ်ဦး
(၆) ဝန်ကြီးဌာနက တာဝန်ပေး
(ခ) ဝန်ကြီးဌာနသည် ကိုယ်ပိုင်အုပ်
အုပ်ချုပ်ခွင့်ရဒေသများတွင် အဖြ
ပြည်ထောင်စုအစိုးရအဖွဲ့၏ သ
၁၇။ (က) ပုဒ်မ ၁၆ အရ ဖွဲ့စည်းသည့် အဖွဲ့
နေရာများကို သက်ဆိုင်ရာဘက်
(ခ) ခုံသမာဓိအဖွဲ့၏ သက်တမ်းသ
၁၈။ ခုံသမာဓိအဖွဲ့သည် ခုံသမာဓိကောင်စီ
များ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းအစီအ

### အခန်း(၅
### အငြင်းပွားမှုဖြေရှင်းရေး ခုံသမ

၁၉။ ဝန်ကြီးဌာနသည် ဥပဒေရေးရာ ကျွမ်း
ကျွမ်းကျင်သူများထဲမှ ကိုယ်ကျင့်တရားကော
အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီကို
တူညီချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမ
(က) ဝန်ကြီးဌာနက ရွေးချယ်သော ပု
(ခ) အလုပ်ရှင်အဖွဲ့အစည်းများက
ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး၊
(ဂ) အလုပ်သမားအဖွဲ့အစည်းများ
စာရင်းမှ ရွေးချယ်သော ပုဂ္ဂိုလ်
၂၀။ (က) ခုံသမာဓိကောင်စီတွင် လစ်လ
ဘက်က လိုအပ်သလို ဖြည့်စွက်
(ခ) ခုံသမာဓိကောင်စီ၏ သက်တမ်းသ
၂၁။ ခုံသမာဓိကောင်စီ၏ တာဝန်များမှာ
(က) ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်
သင့်လျော်ကောင်းမွန်သည့် အ
သဘောတရားများအပေါ်အခြေ
မှုမရှိသော အဖွဲ့အစည်းအဖြစ်
(ခ) လက်ခံရရှိသည့် အငြင်းပွားမှုအ
ပုဂ္ဂိုလ်များအနက်မှ သုံးဦးပါဝင်
ဖွဲ့စည်းပေးခြင်းနှင့် စစ်ဆေးဆုံး
(ဂ) ခုံသမာဓိအဖွဲ့နှင့် ခုံအဖွဲ့တို့က
များ၊ လုပ်ထုံးလုပ်နည်းများနှင့်
ခြင်း။
၂၂။ (က) ဝန်ကြီးဌာနသည် ခုံသမာဓိကော
လုပ်နည်းများကို သတ်မှတ်ရမည
(ခ) ခုံသမာဓိကောင်စီသည် ဝန်ကြ
လုပ်နည်းများနှင့်အညီ ဆောင်ရွ

### အခန်း(၆
### အငြင်းပွားမှုအား

၂၃။ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတ
စပ်လျဉ်း၍ တစ်ဦးချင်း အငြင်းပွားမှုကို ညှိနှိ
အဆိုပါအဖွဲ့က သတ်မှတ်သည့် နည်းလမ်းမျ
ပါက မကျေနပ်သူကိုယ်တိုင်ဖြစ်စေ၊ တရား
ဖြင့် ဖြစ်စေ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့
၂၄။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင်
တိုင်ကြားချက်အရဖြစ်စေ၊ ဝန်ကြီး၏
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့
အခြားနည်းလမ်းတစ်ခုခုအရဖြစ်စေ သိရှိသည
အငြင်းပွားမှုကို သက်ဆိုင်ရာ ညှိနှိုင်းဖျန်
ဆောင်ရွက်ရမည်-
(က) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သိ
နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်မျ
ဖျန်ဖြေပေးခြင်း၊

29-3)08.pmd 1 3/29/2012, 3:55 AM

ပြင်ဆင်ခြင်းအပါအဝင် အခြားလိုအပ်သည့် ကိစ္စရပ်များအား ဆောင်ရွက်ရမည်။

၁၄။ မြန်မာနိုင်ငံအတွင်း တည်ထောင်ထားရှိသည့် အထူးစီးပွားရေးဇုန်တွင် အငြင်းပွားမှုများ ညှိနှိုင်းဖြေရှင်းရေးအတွက် သီးခြားဥပဒေပြဋ္ဌာန်းချက်မရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မ ၁၀ ပါအတိုင်း အထူးညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းရမည်။

၁၅။ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ပြေငြိမ်းမှုမရရှိသည့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖျန်ဖြေခြင်းမပြုမီကာလအတွင်း အလုပ်ရှင်သည် အလုပ်ရှင်ကိုယ်စားလှယ်အားလည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားကိုယ်စားလှယ်များအား လည်းကောင်း ခန့်အပ်နိုင်သည်။ အလုပ်သမားအဖွဲ့အစည်းမရှိလျှင် အလုပ်သမားများသည် ၎င်းတို့၏ကိုယ်စားလှယ်များကို ရွေးချယ်ရမည်။

## အခန်း (၄)
## အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့ ဖွဲ့စည်းခြင်း

၁၆။ (က) ဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တာဝန်ပေးအပ်သူတစ်ဦး — ဥက္ကဋ္ဌ

(၂) အလုပ်ရှင်အဖွဲ့အစည်းများက ထောက်ခံတင်ပြသည့်အမည်စာရင်းမှ ရွေးချယ်သောပုဂ္ဂိုလ်သုံးဦး — အဖွဲ့ဝင်

(၃) အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံတင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သော ပုဂ္ဂိုလ်သုံးဦး — အဖွဲ့ဝင်

(၄) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(၅) အလုပ်ရှင်များ သို့မဟုတ် သက်ဆိုင်ရာ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများက ယုံကြည်လက်ခံသည့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်နှစ်ဦး — အဖွဲ့ဝင်

(၆) ဝန်ကြီးဌာနက တာဝန်ပေးအပ်သူတစ်ဦး — အတွင်းရေးမှူး

(ခ) ဝန်ကြီးဌာနသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အငြင်းပွားမှု ဖြေရှင်းရေး ခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းနိုင်သည်။

၁၇။ (က) ပုဒ်မ ၁၆ အရ ဖွဲ့စည်းသည့် အဖွဲ့ဝင် လစ်လပ်ပါက ယင်းလစ်လပ်သည့်နေရာများကို သက်ဆိုင်ရာဘက်က လိုအပ်သလို ဖြည့်စွက်ရမည်။

(ခ) ခုံသမာဓိအဖွဲ့၏ သက်တမ်းသည် နှစ်နှစ်ဖြစ်သည်။

၁၈။ ခုံသမာဓိအဖွဲ့သည် ခုံသမာဓိကောင်စီက သတ်မှတ်သော လုပ်ငန်းနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၅)
## အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီ ဖွဲ့စည်းခြင်း

၁၉။ ဝန်ကြီးဌာနသည် ဥပဒေရေးရာ ကျွမ်းကျင်သူများနှင့် အလုပ်သမားရေးရာ ကျွမ်းကျင်သူများထဲမှ ကိုယ်ကျင့်တရားကောင်းမွန်သည့် ပုဂ္ဂိုလ် ၁၅ ဦး ပါဝင်သော အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) ဝန်ကြီးဌာနက ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး၊

(ခ) အလုပ်ရှင်အဖွဲ့အစည်းများက ထောက်ခံတင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး၊

(ဂ) အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံတင်ပြသည့် အမည်စာရင်းမှ ရွေးချယ်သော ပုဂ္ဂိုလ်ငါးဦး။

၂၀။ (က) ခုံသမာဓိကောင်စီတွင် လစ်လပ်သည့်နေရာများကို သက်ဆိုင်ရာဘက်က လိုအပ်သလို ဖြည့်စွက်ရမည်။

(ခ) ခုံသမာဓိကောင်စီ၏ သက်တမ်းသည် နှစ်နှစ်ဖြစ်သည်။

၂၁။ ခုံသမာဓိကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ရာတွင် လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှဖြစ်ရေး သဘောတရားများအပေါ် အခြေခံကာ သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုမရှိသော အဖွဲ့အစည်းအဖြစ် ရပ်တည်ဆောင်ရွက်ခြင်း၊

(ခ) လက်ခံရရှိသည့် အငြင်းပွားမှုအား ကြားနာစစ်ဆေးရန် ပုဒ်မ ၁၉ ပါ ပုဂ္ဂိုလ်များအနက်မှ သုံးဦးပါဝင်သော ခုံအဖွဲ့ကို သတ်မှတ်ချက်နှင့်အညီ ဖွဲ့စည်းပေးခြင်းနှင့် စစ်ဆေးဆုံးဖြတ်စေခြင်း၊

(ဂ) ခုံသမာဓိအဖွဲ့နှင့် ခုံအဖွဲ့တို့က ဆောင်ရွက်ရမည့် လုပ်ငန်းနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းအစီအစဉ်များကို သတ်မှတ်ခြင်း။

၂၂။ (က) ဝန်ကြီးဌာနသည် ခုံသမာဓိကောင်စီက ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ရမည်။

(ခ) ခုံသမာဓိကောင်စီသည် ဝန်ကြီးဌာနက သတ်မှတ်သော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၆)
## အငြင်းပွားမှုအား ဖြေရှင်းခြင်း

၂၃။ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်သည် မိမိ၏ နစ်နာချက်နှင့် စပ်လျဉ်း၍ တစ်ဦးချင်း အငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားနိုင်ပြီး အဆိုပါအဖွဲ့က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဖျန်ဖြေပေးမှုကို မကျေနပ်ပါက မကျေနပ်သူကိုယ်တိုင်ဖြစ်စေ၊ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့် ဖြစ်စေ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်သည်။

၂၄။ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ အလုပ်ရှင် သို့မဟုတ် အလုပ်သမားတစ်ဖက်ဖက်၏ တိုင်ကြားချက်အရဖြစ်စေ၊ ဝန်ကြီး၏ အကြောင်းကြားချက်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အကြောင်းကြားချက်အရဖြစ်စေ၊ အခြားနည်းလမ်းတစ်ခုခုအရဖြစ်စေ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့် စုပေါင်းအငြင်းပွားမှုကို သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သိရှိသည့် သို့မဟုတ် လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ သုံးရက်အတွင်း ပြေငြိမ်းစေရန် ဖျန်ဖြေပေးခြင်း၊

(ခ) ပုဒ်မခွဲ (က)အရ ဖျန်ဖြေရာတွင် ပြေငြိမ်းမှုရရှိပါက ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုစေခြင်း။

၂၅။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် ပြေငြိမ်းမှုမရရှိသော စုပေါင်းအငြင်းပွားမှုကို သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့ပြီး ထိုသို့ လွှဲပြောင်းပေးပို့ကြောင်းကို အငြင်းပွားမှုနှင့် သက်ဆိုင်သူများထံ အသိပေးအကြောင်းကြားရမည်။

၂၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် ဖျန်ဖြေရေးဆောင်ရွက်ရာတွင် ပြေငြိမ်းမှုမရသည့် အချက်များအပေါ် သုံးသပ်အကြံပြုချက် ပါဝင်သော အသေးစိတ်အစီရင်ခံစာနှင့်အတူ အမှုတွဲအား တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည့်အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်း စုပေါင်းအငြင်းပွားမှုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာအကျဉ်းချုပ်ကို တင်ပြရမည်။

၂၇။ သက်ဆိုင်ရာ ခုံသမာဓိအဖွဲ့သည် ပုဒ်မ ၂၆ အရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်သော စုပေါင်းအငြင်းပွားမှုအား လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက် ချမှတ်ရမည်ဖြစ်ပြီး တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာအငြင်းပွားသူများထံ ဆုံးဖြတ်ချက် ပေးပို့ရမည်။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်ဖြစ်ပါက ဝန်ကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ မိတ္တူပေးပို့ရမည်။

၂၈။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်မှ တစ်ပါး ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အငြင်းပွားသူများသည် အောက်ပါတို့အနက် တစ်ခုခုကို ဆောင်ရွက်နိုင်သည်-

(က) ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် နှစ်ဖက်စလုံးမှ လျှောက်ထားခြင်း၊

(ခ) အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းကို သက်ဆိုင်ရာ ဥပဒေအရ ပြုလုပ်ခြင်း။

၂၉။ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်သည့် သက်ဆိုင်ရာအငြင်းပွားသူ တစ်ဦးဦးသည် ယင်းဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီသို့ လျှောက်ထားရမည်။

၃၀။ ခုံသမာဓိကောင်စီသည် ပုဒ်မ ၂၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၂၉ တို့အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စစ်ဆေးဆုံးဖြတ်နိုင်ရန် ခုံအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၃၁။ ခုံအဖွဲ့သည် -

(က) ပုဒ်မ ၂၈ ပုဒ်မခွဲ(က)အရ လျှောက်ထားသည့် စုပေါင်းအငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ ၁၄ ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်၊

(ခ) ဆုံးဖြတ်ချက်ကို တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာ အငြင်းပွားသူများထံ ပေးပို့ရမည်။

၃၂။ ခုံအဖွဲ့သည် -

(က) ပုဒ်မ ၂၉ အရ လျှောက်ထားသည့် စုပေါင်းအငြင်းပွားမှုကို လက်ခံရရှိသည့် နေ့ရက်မှ တရားဝင်ရုံးပိတ်ရက်များမပါ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။

(ခ) ဆုံးဖြတ်ချက်ကို တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာ အငြင်းပွားသူများထံ ပေးပို့ရမည်။

၃၃။ ခုံသမာဓိကောင်စီသည် ပုဒ်မ ၃၂ ပုဒ်မခွဲ(က)အရ ခုံအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်မိတ္တူကို ဝန်ကြီးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များထံ ပေးပို့ရမည်။

## အခန်း(၇)
## ဆုံးဖြတ်ချက်အတည်ဖြစ်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းနှင့် အကျိုးသက်ရောက်ခြင်း

၃၄။ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို နှစ်ဖက်အငြင်းပွားသူများက သဘောတူလျှင် ယင်းဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အတည်ဖြစ်သည်။

၃၅။ ခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်အဖြစ် မှတ်ယူရမည်။ ယင်းဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အတည်ဖြစ်သည်။

၃၆။ သက်ဆိုင်ရာအငြင်းပွားသူများသည် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက်အတည်ဖြစ်သည့်နေ့ရက်မှ သုံးလကျော်လွန်ပါက ယင်းဆုံးဖြတ်ချက်ကို ပြင်ဆင်ပြောင်းလဲရန် သဘောတူညီနိုင်သည်။ ယင်းသဘောတူညီမှုအရ ပြင်ဆင်ပြောင်းလဲချက်သည် ခုံသမာဓိဆုံးဖြတ်ချက်၏ သက်ဆိုင်ရာအပိုင်းကို လွှမ်းမိုးစေရမည်။

၃၇။ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အောက်ပါပုဂ္ဂိုလ်များက လိုက်နာရမည်-

(က) အငြင်းပွားမှုနှင့် သက်ဆိုင်သူအားလုံး၊

(ခ) အငြင်းပွားမှုတွင်ပါဝင်သော အလုပ်ရှင်၏ ဥပဒေအရ တရားဝင်ဆက်ခံသူများ၊

(ဂ) အငြင်းပွားမှုဖြစ်ပွားသောအချိန်တွင် သို့မဟုတ် အငြင်းပွားမှုဖြစ်ပွားပြီးနောက် လုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများအားလုံး။

## အခန်း(၈)
## တားမြစ်ချက်များ

၃၈။ မည်သည့်အလုပ်ရှင်မျှ တောင်းဆိုတိုင်ကြားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်း ဆွေးနွေးညှိနှိုင်းဖြေရှင်းရန် ခိုင်လုံသောအကြောင်းမရှိဘဲ ပျက်ကွက်ခြင်းမရှိစေရ။

၃၉။ မည်သည့်အလုပ်ရှင်မျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က အငြင်းပွားမှု စစ်ဆေးနေစဉ် ထိုအငြင်းပွားမှုမစမီ တစ်ဆက်တည်းအချိန်က ချမှတ်ထားသော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို ယင်းအလုပ်သမားများ၏ အကျိုးထိခိုက်စေရန် ရုတ်တရက် ပြောင်းလဲခြင်းမပြုရ။

၄၀။ မည်သူမျှ အငြင်းပွားမှုတစ်ခုနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ ဆွေးနွေးညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်းနှင့် ခုံသမာဓိအဖွဲ့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို ခံယူခြင်းမပြုဘဲ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းမပြုရ။

၄၁။ မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ ဆုံးဖြတ်ချက် သို့မဟုတ် စုပေါင်းသဘောတူညီချက်တစ်ခုခု အကျိုးသက်ရောက်မှုရှိစဉ် ကာလအတွင်း အဆိုပါ ဆုံးဖြတ်ချက် သို့မဟုတ် သဘောတူညီချက်ကို ပြန်လည်ပြင်ဆင်ရန် အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းမပြုရ။

၄၂။ မည်သူမျှ သပိတ်မှောက်ခြင်းတွင် ပါဝင်ဆောင်ရွက်လိုခြင်းမရှိသည့် အလုပ်သမားများ၏ လွတ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်ကို တားမြစ်ခြင်းသော်လည်းကောင်း၊ အလုပ်သမား၏ သပိတ်မှောက်ခြင်းပြုနိုင်သည့် အခွင့်အရေးကို နှောင့်ယှက်ဟန့်တားခြင်းသော်လည်းကောင်း မပြုရ။

၄၃။ မည်သူမျှ တစ်ဦးချင်းအငြင်းပွားမှု သို့မဟုတ် စုပေါင်းအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်ပါ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန် သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၄၄။ မည်သူမျှ အငြင်းပွားမှုကို ဖြေရှင်းဆောင်ရွက်ရန် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ကြိုတင်အကြောင်းကြားခြင်းခံရပြီးနောက် အငြင်းပွားမှုဖြစ်ပွားသည့် လုပ်ငန်းသို့ ဝင်ရောက်စစ်ဆေးနိုင်ရေးအတွက် စီစဉ်ပေးရန်လည်းကောင်း၊ အငြင်းပွားမှုနှင့်သက်ဆိုင်သည်ဟု ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ယူဆသည့် စာတမ်းအမှတ်အသားကို ပြသရန်နှင့် မိတ္တူများပေးအပ်ရန်လည်းကောင်း၊ သက်သေအဖြစ် ဆင့်ဆိုရာတွင် လာရောက်ရန်လည်းကောင်း ပျက်ကွက်ခြင်းမရှိစေရ။

၄၅။ မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့၏ ရှေ့မှောက်တွင် စစ်ဆေးခံရန် အကြောင်းကြားစာ ပေးပို့ခံရပါက သတ်မှတ်ထားသည့် အချိန်အတွင်း၌ ကိုယ်တိုင်လာရောက်ရန်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် စေလွှတ်ရန်ဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်းမရှိစေရ။

## အခန်း(၉)
## ပြစ်ဒဏ်များ

၄၆။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းချမှတ်ရမည်။

၄၇။ မည်သူမဆို ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်သုံးသောင်းထိ ချမှတ်နိုင်သည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် အနည်းဆုံးကျပ်တစ်သိန်း ချမှတ်ရမည်။

## အခန်း(၁၀)
## အထွေထွေ

၄၉။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ရုံးလုပ်ငန်းဆိုင်ရာ အထောက်အကူပြုဆောင်ရွက်ရမည်။

၅၀။ ဤဥပဒေအရ အသစ်ပြန်လည်ဖွဲ့စည်းသော ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့သည် သက်တမ်းကုန်ဆုံးသည့် ညှိနှိုင်းရေးကော်မတီ၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ လုပ်ငန်းမပြီးပြတ်သော စုပေါင်းတောင်းဆိုမှုနှင့် အငြင်းပွားမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၁။ အလုပ်ရှင်တစ်ဦးဦးသည် အငြင်းပွားမှုကို ဖြေရှင်းနေစဉ်အတွင်း လုံလောက်သောအကြောင်းမရှိဘဲ ကုန်ထုတ်လုပ်မှုကျဆင်းစေခြင်းဖြင့် အလုပ်သမား၏ အကျိုးခံစားခွင့်လျော့နည်းစေရန် ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကျူးလွန်လျှင် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့က ဆုံးဖြတ်သည့် လျော်ကြေးငွေကို အပြည့်အဝ ပေးဆောင်ရမည်။ ယင်းငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

၅၂။ မည်သည့်အငြင်းပွားသူကိုမျှ ယင်းအငြင်းပွားမှုကို ဖျန်ဖြေခြင်း သို့မဟုတ် ခုံသမာဓိဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းပြုနေစဉ်အတွင်း အဆိုပါ အငြင်းပွားမှုနှင့် စပ်လျဉ်း၍ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ၎င်း၏ တရားစွဲဆို ဆောင်ရွက်ပိုင်ခွင့်အား ပိတ်ပင်ခြင်းမရှိစေရ။

၅၃။ ဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုများကို စစ်ဆေးစီရင်ရန် အလုပ်သမားတရားရုံးများ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၄။ သပိတ်မှောက်ခြင်းသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်အား ခေတ္တရပ်ဆိုင်းစေခြင်းဖြစ်၍ ထိုကာလအတွင်း အလုပ်ရှင်က သပိတ်မှောက်သည့် အလုပ်သမားအား လစာစရိတ်ပေးရန် တာဝန်မရှိစေရ။

၅၅။ အငြင်းပွားမှုကို ညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်း၊ ခုံသမာဓိဖြင့် ဆုံးဖြတ်ခြင်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့် အငြင်းပွားသူများထံမှ မည်သည့် ကုန်ကျစရိတ်ကိုမျှ ကောက်ခံခြင်းမပြုရ။

၅၆။ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီအဖွဲ့ဝင်များသည်-

(က) အငြင်းပွားမှုအား ဖျန်ဖြေခြင်း၊ ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ သင့်လျော်သည့် ချီးမြှင့်ထောက်ပံ့ငွေနှင့် စရိတ်များ ခံစားခွင့်ရှိသည်။

၅၇။ အငြင်းပွားမှုကို ဆုံးဖြတ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအငြင်းပွားသူ တစ်ဦးဦးက သက်သေခံအဖြစ် တင်သွင်းသည့် စာတမ်းအမှတ်အသား သို့မဟုတ် ပစ္စည်းကို ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့သို့ လျှို့ဝှက်ထားရှိပေးရန် တင်ပြပါက ယင်းတို့ကို လျှို့ဝှက်ထားရှိရမည်။

၅၈။ The Trade Disputes Act, 1929 အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၆၀။ The Trade Disputes Act, 1929 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

✻ စာမျက်နှာ ၇ မှ

မသမာမှုများမရှိနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲအနိုင်ရရှိမှု ရလဒ်များကို ပုဒ်မ ၄၉(ခ)အရ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က ကြေညာမည်ဖြစ်ပြီး ကော်မရှင်ကလည်း ဆန္ဒမဲရရှိမှု အသေးစိတ်စာရင်းနှင့်တကွ ထပ်ဆင့်ကြေညာပေးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ယခု ကြားဖြတ်ရွေးကောက်ပွဲအပါအဝင် နောင်ရွေးကောက်ပွဲများတွင် လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲများဖြစ်စေရန် ကော်မရှင်အနေဖြင့် ကြိုးစားဆောင်ရွက်လျက် ရှိပါကြောင်းနှင့် Media များ၊ နိုင်ငံရေးပါတီများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သတင်းထောက်များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ အဖွဲ့ဝင် ဦးညွန့်တင်နှင့် အတွင်းရေးမှူး ဦးဝင်းကိုတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။(သတင်းစဉ်)

---

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၉-၃-၂၀၁၂ (ကြာသပတေးနေ့)**

**(၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ အပိတ်နေ့)**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၄:၀၀ | ၂။ | စစ်ချီတေး၊ စစ်သည်တေး |
| ၅:၀၀ | ၃။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ်(အရှေ့တိုင်းပညာ အထူးပြု)(အရှေ့တိုင်းပညာ) |
| ၅:၂၀ | ၄။ | “နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ” |
| ၅:၃၀ | ၅။ | ရုပ်မြင်ရသတေးစုကဏ္ဍ |
| ၇:၀၀ | ၆။ | “ရတနာဝေစည် မြန်မာပြည် လုံခြုံအေးချမ်းအမြန်လမ်း” |
| ၇:၁၀ | ၇။ | “ဒိမိုမွေးနေ့” (ရှက်တယ်၊ နိုင်လူ၊ ဝါးခယ်မရဲမောင်၊ ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊ အိဖြိုးချယ်ရီ) (ဒါရိုက်တာ- အကယ်ဒမီဇော်မြင့်ဦး) |
| ၈:၀၀ | ၈။ | ပြည်တွင်းသတင်း |
| | ၉။ | နိုင်ငံတကာသတင်းများ |
| | ၁၀။ | အစာလည်းဆေး၊ ဆေးလည်းအစာ |
| | ၁၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာအသဉ္ဇေ” (အပိုင်း-၁၈) |
| | ၁၂။ | နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ဆုံး” (အပိုင်း-၄၃) |

---

## ဆရာဝန်အသင်း ဆေးပညာဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကုဆရာဝန်များအဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ/မိသားစု ကျန်းမာရေးစောင့်ရှောက်မှုဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ရေးရည်ရွယ်၍ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ(Continuing Professional Development Forum) ကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဧပြီ ၃ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်ရာ မိသားစုကျန်းမာရေးစောင့်ရှောက်မှု ဆေးပညာများ ဆွေးနွေးခြင်းနှင့် “Q & A on Non-pharmacological management of Common Musculo-skeletal problems in GP” တို့ပါဝင်မည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ခုတင်(၅၅၀)ဆံ့ ရန်ကင်း ကလေးဆေးရုံကြီး ညမြင်ကွင်း(ဝဲပုံ)ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ခုတင်(၅၅၀)ဆံ့ ရန်ကုန်ကလေးဆေးရုံကြီး(တိုးချဲ့ဆောင်)(အောက်ဝဲပုံ)ကို တွေ့ရစဉ်။

ရန်ကုန်မြို့ရှိ အနောက်ပိုင်း အထွေထွေရောဂါကု ဆေးရုံ(အောက်ပုံ)ကို တွေ့ရစဉ်။

# ပြည်သူများ ဆေးဝါးကုသနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးရှိ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေခံအဆောက်အအုံများ

သတင်းမှတ်စု - မောင်ငြိမ်းအေး

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ရှိ အထွေထွေရောဂါကုဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

ရန်ကုန်မြို့ ပဟန်းမြို့နယ်ရှိ တိုင်းရင်းဆေးရုံ

ရန်ကုန်မြို့ရှိ မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)ကို တွေ့ရစဉ်။

(29-3)10.pmd 1 3/29/2012, 3:55 AM

# မလေးရှားနိုင်ငံရောက် မြန်မာအလုပ်သမားရေးရာကိစ္စရပ်များတွင် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက် နှစ်နိုင်ငံ ကုန်သွယ်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်ဆောင်ရွက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**

# နှစ်နိုင်ငံ ဆက်ဆံရေး၊ ပူးတွဲကော်မရှင်တည်ထောင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ပညာရေး၊ ဘဏ်လုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ အားကစား စသည့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်

**မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ်**

နေပြည်တော် မတ် ၂၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ယနေ့ညနေ ၄ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ တွေ့ဆုံဆွေးနွေးသည်။**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး မလေးရှားနိုင်ငံဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Dr. Ahmad Faisal Bin Muhamad နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် အဆွေတော် ဝန်ကြီးချုပ်နှင့် မလေးရှားချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ပြီး ပထမဆုံးအကြိမ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး မိတ်ဆက်ခရီး လာရောက်သည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး ကြိုးပမ်း ဆောင်ရွက်မှုများကို မလေးရှားနိုင်ငံအနေဖြင့် အသိ

**စာမျက်နှာ ၄ ကော်လံ ၁ သို့◆**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ် တွန်း ရာဇတ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ တွေ့ဆုံဆွေးနွေးကြစဉ်။**
(သတင်းစဉ်)

## ယ နေ့ သ တ င် း အ ညွှ န် း

### လွှတ်တော်နှင့် ကော်မတီများအနေဖြင့် နိုင်ငံနှင့် ပြည်သူအကျိုး သစ္စာရှိရှိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဆွေးနွေး

“ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဝါဒစွဲ မထားဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရည်မှန်းချက်ထားဆောင်ရွက်ရန်လို”

ပြည်တွင်းသတင်း စာမျက်နှာ ၅

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲ ကျင်းပ

“မဲဆန္ဒရှင်များ သွားလာမှုလွယ်ကူရန်အတွက် မဲရုံနေရာများ ပြောင်းရွှေ့နေရာချထားခြင်းနှင့် ဆန္ဒပြုခန်းများကို လျှို့ဝှက်လုံခြုံမှုရှိစေရန် ပြင်ဆင်သတ်မှတ်”

ပြည်တွင်းသတင်း စာမျက်နှာ ၇

**ကြော်ငြာအချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## နိုင်ငံတကာအားကစား

### ယခုနှစ် ဘောလုံးရာသီအကုန်တွင် ဒီဇီကိုအား ရောင်းမည်ဟု မန်စီးတီးနည်းပြ ပြောကြား

**မန်ချက်စတာ မတ် ၂၈**

မန်စီးတီးနည်းပြ ရော်ဘတ်တို မန်စီနီက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်း၏တိုက်စစ်မှူး အီဒင်ဒီဇီကိုအား ရောင်းထုတ်တော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒီဇီကိုသည် ပထမပွဲထွက် လူစာရင်းနေရာ တစ်နေရာရရန်အတွက် နည်းပြမန်စီနီထံ တောင်းဆိုခဲ့သော်လည်း အဆင်မပြေဖြစ်ခဲ့ရသည်။ ၎င်းကိုခေါ်ယူရန် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် လာလီဂါထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့က စောင့်ကြည့်နေကြသည်။

ထို့ပြင် ဂျူဗင်တပ်အသင်းသည် ရီးယဲလ်မက်ဒရစ် ကစားသမား ဂွန်ဇလိုဟီဂွါရင်ကိုလည်း ပစ်မှတ်ထားလျက်ရှိပြီး လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကိုပါ ပစ်မှတ်ထားလျက်ရှိသည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်းက ပေါင် ၂၇ သန်းဖြင့် ခေါ်ယူထားသည့် ဒီဇီကိုအား ပြန်လည်ရောင်းထုတ်ရာတွင် အရင်းစိုက်ထားရသည့် ပမာဏအတိုင်း ပြန်လည်ရယူနိုင်ရန် မျှော်လင့်ထားသည်။ ဂျူဗင်တပ်အသင်းသည် ကစားသမားဝယ်ယူစရိတ်အတွက် ပေါင် သန်း ၃၀ ရရှိထားသဖြင့် ကစားသမားသစ်များ ခေါ်ယူရန် စိတ်ကြိုက်ရွေးချယ်လျက်ရှိသည်။

ရီးယဲလ်နည်းပြ မော်ရင်ဟိုကလည်း ဒီဇီကိုသည် ဘာနေဗျူးသို့ လာရောက်ကစားလိမ့်မည်ဟု မျှော်လင့်ထားသည်။ အင်တာနက်။